# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၂၆)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညှိနှိုင်းဆောင်တော်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ☆

## ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေ ၁၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ဒေသတွင်း ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်များ ရရှိစေရေးအတွက် ကုန်စစ်ဆေးရေးစခန်း၊ ကသရ(မကန) ဖွင့်လှစ်ထားရှိ

မြစ်ကြီးနား ဩဂုတ် ၂၆

တရားမဝင်ကုန်သွယ်မှုများ ပပျောက်စေရေး၊ ဒေသတွင်း ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်များ ရရှိစေရေးအတွက် မြစ်ကြီးနားမြို့ အဝင် ကုန်စစ်ဆေးရေးစခန်း၊ ကသရ(မကန)ကို လတ်တလော တွင် ကံပိုင်တည် OSS အဖွဲ့အား တာဝန်ချထား၍ ဗလမင်းထင်တံတားအနီး ရွှေမိုးတောင်ဘုရားတောင်ခြေတွင် ယာယီ ကုန်ပစ္စည်းစစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်လျက် ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑



## မွန်ပြည်နယ် ပေါင်မြို့နယ်၌ မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မော်လမြိုင် ဩဂုတ် ၂၆

မွန်ပြည်နယ် ၂၀၂၆ ခုနှစ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ပေါင်မြို့နယ် အလုပ်ကျေးရွာအုပ်စု ဆယ်အိမ်စုရပ် ပင်လယ်ကမ်းခြေတွင် ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ဖြူးရွှေဝါ၊ သမက်၊ ပင်လယ်ကဗွီး၊ မာလာလူးကာ အစရှိသည့် ဒီရေတောသစ်ပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဒီရေတောသစ်ပင်စိုက်ပျိုးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဒီရေတောသစ်ပင်များ စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးထားရှိသော ဒီရေတော စိုက်ခင်းဧကများ ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ မုတ္တမမြို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး သံလွင်သင်္ဘောကျင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း လိုအပ်လျက်ရှိသော

စာမျက်နှာ ၅ ကော်လံ ၃ ❍

## ကော့ကရိတ် - ရန်ကုန် အဆင့်မြင့်ခရီးသည်တင် ယာဉ်လိုင်း ပြန်လည်စတင်ပြေးဆွဲ

ကော့ကရိတ် ဩဂုတ် ၂၆

ကော့ကရိတ်မြို့၌ ခရီးသည်တင်ယာဉ်လိုင်းများသည် ယာယီရပ်ဆိုင်းထားရာမှ နယ်မြေအေးချမ်းတည်ငြိမ်လာပြီဖြစ်သည့်အတွက် ကော့ကရိတ်မှ ရန်ကုန်သို့ အဆင့်မြင့်ခရီးသည်တင်ယာဉ်လိုင်း ပြန်လည်စတင်ပြေးဆွဲမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖




## ယနေ့ ဖတ်စရာ

**ညောင်တုန်းမြို့နယ် ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ ၁၁/၅ နှင့် ၁၁/၇ အတွင်း ရေဝဲတိုးမှုကြောင့် တာအိပ်ပဲ့ကျမှုအား အရေးပေါ်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

ပြည်တွင်းသတင်း ➢ ၉

**Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့် လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်**

ပြည်တွင်းသတင်း ➢ ၁၅

☆ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc၊ အာဆီယံရေးရာဌာန၊ အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Nguyen Tat Thant နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်သမ္မတက ယခုကဲ့သို့ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ဗီယက်နမ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းအပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်ကြောင်း၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံမှုများ ရှည်ကြာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံမှုနှစ် (၅၀) ပြည့်မြောက် ကျော်လွှန်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ တူညီမှုများစွာရှိသကဲ့သို့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများလည်း တူညီကြကြောင်း၊ အလားတူ ခေတ်အဆက်ဆက်တွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်ခဲ့သကဲ့သို့ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ခရီးလာရောက်ခဲ့သည့်အတွက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ **မိမိအနေဖြင့် မိမိတို့ ဗီယက်နမ်နိုင်ငံသမ္မတနှင့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာ တိုလမ်က အဆွေတော်သမ္မတကြီးအား ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ရန် ဖိတ်ကြားမှုနှင့် အဆွေတော်သမ္မတကြီး လာရောက်မည့်ခရီးစဉ်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုလျက်ရှိမှုကို သတင်းစကားပါးရန် စေလွှတ်ချက်အရ ယခုကဲ့သို့လာရောက် ဂါရဝပြုတွေ့ဆုံခြင်း** ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်တွင် ပြည်ပနိုင်ငံသို့သွားရောက်သည့် ပထမဆုံးခရီးစဉ်သည် မြန်မာနိုင်ငံဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် သမိုင်းကြောင်းအဆက်ဆက်တွင် ချစ်ကြည်ရင်းနှီးမှုများကို နှစ်နိုင်ငံခေါင်းဆောင်များက တည်ဆောက်ခဲ့ကြပြီး ယခုတိုင်ကောင်းမွန်ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ ရှိနေဆဲပင်ဖြစ်ကြောင်း၊ ယခုအဆွေတော်သမ္မတကြီးလာရောက်မည့် ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာတည်ဆောက်ခဲ့သည့် ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး နှစ်နိုင်ငံဘုံအကျိုးစီးပွားအတွက် စာမျက်နှာသစ်၊ ကဏ္ဍသစ်ကို ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်ခိုင်မာအောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့ ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ တပ်မတော်အချင်းချင်းနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ စီးပွားရေးအရ နယ်ပယ်သစ်များတိုးချဲ့ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာဆက်ဆံရေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးနှင့် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးတို့တွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံအားပေးသွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> **“ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာဆက်ဆံရေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးနှင့် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးတို့တွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံအားပေးသွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ ”**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) ၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များ နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတ များစွာရရှိစေရန်၊ တပ်မတော်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ တပ်မတော်တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊ တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ်ထားရှိသော စေတနာနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန်၊ ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်းရှိ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကိုကြည့်ရှု၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ရှေးခေတ်ကြေးသွန်း အမြောက်များ၊ ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့်သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့် တပ်မတော် (လေ) ပြင်ပ ပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော် လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံသည် တရားဝင်သံတမန် ဆက်ဆံရေးကို ၁၉၇၅ ခုနှစ် မေလမှစ၍ ထူထောင်ခဲ့ကြသဖြင့် ယခုဆိုလျှင် (၅၁)နှစ်ထဲသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးစွာဖြင့် ကာလရှည်ကြာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် မိတ်ဆွေနိုင်ငံများဖြစ်ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများတွင်လည်း ထဲထဲဝင်ဝင် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မိမိတို့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက်အဓိကအထောက်အပံ့ပြုသည့် Doi Moi Plan (2.0) နှင့်ပတ်သက်၍လည်း ထဲထဲဝင်ဝင် လေ့လာလိုပါကြောင်း၊ ထို့အပြင် ဗီယက်နမ်အမျိုးသားလွှတ်တော်နှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ–ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော် နှစ်ရပ်အကြား လွှတ်တော်အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်း ဆက်ဆံရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွား လိုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပါ လီမန်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ –AIPO စတင်ဖွဲ့စည်းစဉ်ကတည်းက ပါဝင်ခဲ့ပြီး ယခု အာဆီယံပါလီမန်များ ညီလာခံ–AIPA တွင်လည်း အဖွဲ့ဝင်အဖြစ်ဆက်လက်တည်ရှိပါကြောင်း၊ အလားတူပင် နိုင်ငံတကာပါလီမန်များအဖွဲ့–IPU တွင်လည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံပါလီမန်များညီလာခံ၊ နိုင်ငံတကာပါလီမန်များအဖွဲ့တွင် ဗီယက်နမ် အမျိုးသားလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီသည် နိုင်ငံပေါင်းများစွာနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိသည်ကို သိရှိပါကြောင်း၊ မိမိတို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့်လည်း ဗီယက်နမ် ကွန်မြူနစ်ပါတီနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ဗီယက်နမ်နိုင်ငံခြားရေး ဝန်ကြီးက မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် သံတမန် ဆက်ဆံရေးသည် ကြာမြင့်သည့် ကာလတစ်ခုသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေး ကြာမြင့်လာသည်နှင့်အမျှ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ လွှတ်တော်အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးရန် ဆက်လက်ကြိုးပမ်းမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာကာ ဆယ်စုနှစ်များစွာ လက်တွဲဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကိုလည်း နားလည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အစိုးရနှင့်လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်လာမှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများစွာကို ဖြတ်ကျော်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် အစီအမံများကိုလည်း မျှဝေသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ဗီယက်နမ်နိုင်ငံသားများကိုလည်း ကူညီစောင့်ရှောက်စေလိုပါကြောင်း၊ ထို့အပြင် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းပြီး လူငယ်၊ အမျိုးသမီး၊ နည်းပညာ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှလည်း အဆွေတော်ကို နှုတ်ခွန်းဆက်သသည်ကို အသိပေးလိုပါကြောင်း၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း နောင်တွင်ဖိတ်ကြားတွေ့ဆုံသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲထောက်ခံသွားမည်ဖြစ်ပြီး အာဆီယံပါလီမန်များ ညီလာခံနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့တွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌဦးတေဇကျော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်သူ့လွှတ်တော် မြန်မာ – ဗီယက်နမ်လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့အဖွဲ့ဝင် ဒေါ်မြင့်သန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသောင်းအေးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့်ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# Polytechnic University ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့က Project Show များ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ Polytechnic University ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့က Project Show များကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ် ၁၆ ခုတို့က သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက် Project Show များ ကျင်းပခဲ့ပြီး ကျန်ရှိသည့် တက္ကသိုလ်များကလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက Naypyitaw State Polytechnic University ၌ (၂၀၂၅–၂၀၂၆) ပညာသင်နှစ် Engineering and ICT Project Show ၊ 2026 ကို ကျင်းပခဲ့ပြီး Artificial Intelligence ၊ IoT၊ Smart Automation & Embedded Systems ၊ Green Technology ၊ Sustainable Engineering & Smart Agriculture ၊ Robotics ၊ Mechatronics & Autonomous Systems ၊ Software Engineering၊ Architectural Design နှင့် Assistive Technologies & Public Welfare စသည့် ဘာသာရပ်နယ်ပယ် ခုနစ်ခုအတွက် Project စုစုပေါင်း ၉၄ ခုကို ခင်းကျင်းပြသခဲ့သည်။

အဆိုပါပြပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း (နေပြည်တော်) တို့မှ ဥက္ကဋ္ဌများနှင့် အင်ဂျင်နီယာပညာရှင်များ ကြည့်ရှုအားပေးကြပြီး(ယာပုံ) ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ခင်းကျင်းပြသထားသည့် Project များကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တက္ကသိုလ်များ၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် ဥတ္တရသီရိမြို့နယ် အထက (၁၂)မှ အခြေခံပညာ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။



အလားတူ ယနေ့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌လည်း UCSY Product Show and Job Fair 2026 ကို ကျင်းပရာ Software engineering ၊ AI ၊ IoT ၊ Image Processing ၊ Networking ဘာသာရပ်နယ်ပယ်များနှင့် သက်ဆိုင်သော Undergraduate Project ၆၃ ခု၊ Post Graduate Project ၁၂ ခု စုစုပေါင်း Project ၇၅ ခုကို ပြသရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရှင်များ ကြည့်ရှုအားပေးကြပြီး အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကုမ္ပဏီ ၁၆ ခုကလည်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

အဆိုပါ ကုန်စစ်ဆေးရေးစခန်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပပြီး ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ယာယီကုန်စစ်ဆေးရေးစခန်းမှ လအလိုက် ကုန်သွယ်နိုင်မှု အခြေအနေ၊ ကုန်စစ်ဆေးစခန်းအား ဝိုင်းမော်မြို့နယ်အတွင်း ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒေသတွင်းစားသောက်ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး ကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် ကုန်စစ်ဆေးရေးစခန်းကို မြေနေရာပြောင်းရွှေ့ဖွင့်လှစ်ပြီး သွင်းကုန်ပစ္စည်းများ တရားဝင်ဖြစ်စေရေး၊ သွင်းကုန်လိုင်စင်ခွင့်ပြုရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း ကုန်ပစ္စည်းများ ပြတ်လပ်မှု မရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများ ဆုံးရှုံးမှုမရှိစေရေးနှင့် တရားမဝင် ကုန်သွယ်မှုများကို တားဆီးနိုင်ရေးတို့အတွက် အားလုံးက လုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောကြားခဲ့သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ပြည်နယ်အားကစားနှင့်ကာယ ပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုအားကစားနည်းတွင် ကချင်ပြည်နယ်မှ သွားရောက်ပါဝင်ယှဉ်ပြိုင်ကြမည့် လက်ရွေးစင်အသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲသို့ တက်ရောက်၍ လက်ရွေးစင်အသင်းအတွက် အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေကျပ် ၂၅ သိန်းကို လည်းကောင်း၊ ဂျူဒိုအားကစား ဆပ်ကော်မတီ တာဝန်ရှိသူများက ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့၌ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၆**

နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

# (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဖွင့်ပွဲပြုလုပ်

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်အမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှတစ်ဆင့် နိုင်ငံသားတိုင်း၏ နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့် မျိုးချစ်စိတ်များ ပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏ အနုပညာအရည်အသွေးများ မှန်မှန်ကန်ကန် တိုးတက်ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္ဘာရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများထံမှ စစ်မှန်သည့် အနုပညာအမွေအနှစ်များကို ဆက်ခံပြီး မျိုးဆက်သစ်ပညာရှင်များဖြစ်စေရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့် ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အကဲဖြတ်ဝါရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့်လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ရဲရင့်အောင်တို့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် ပြည်သူ့ဆက်ဆံရေးတပ်များ၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကျင်းပခြင်းသည် ပြည်သူ့ဆက်ဆံရေးတပ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်၊ စစ်သမီးများ၏ အနုပညာအရည်အသွေး ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မြန်မာ့အငြိမ့်သဘင် တိမ်ကောပပျောက်မှု မရှိစေရန်၊ အဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ မြန်မာမှုစစ်စစ် အနုသုခုမပညာရပ်အဖြစ် ထည်ဝါစွာရပ်တည်နိုင်ရန်၊ အငြိမ့်ပညာရပ်များ၊ မြန်မာ့ဆိုင်းနှင့် ပတ်သက်သည့် သဘင်သုခုမအနုပညာရပ်များတွင် အရည်အသွေး ပိုမိုမြင့်မားတိုးတက်လာစေရန်နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များ ဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်စသည့် လုပ်ငန်းတာဝန်များကို ပိုမိုအောင်မြင်စွာ ထမ်းဆောင်နိုင်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် အနုပညာစွမ်းအားများ မြင့်မားစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ စာပေ၊ ဂီတ အနုသုခုမဆိုသည်မှာ လူတို့၏ စိတ်ကို နူးညံ့ပျော့ပျောင်းစေသကဲ့သို့ မျိုးချစ်စိတ်ဓာတ်နှင့်စစ်သွေးစစ်မာန်တို့ကိုလည်း နိုးထစေကြောင်း၊ မြန်မာ့သမိုင်းတွင် ငါးစီးရှင်ကျော်စွာသည် "ကာချင်း"ကို ကိုယ်တိုင်ရေးသားစပ်ဆိုခဲ့ပြီး ရဲမက်အပေါင်းတို့သည် ဒိုင်း၊ ဓား၊ လှံတို့ကို ကိုင်ပြီး ညီညာဖြဖြ သီဆိုကာ ကခုန်ခဲ့ကြကြောင်း။

လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင်လည်း မြန်မာတို့၏ လွတ်လပ်ရေးမျှော်မှန်းချက်နှင့်အတူ အမျိုးသားရေးတေးသီချင်းများစွာလည်း ပေါ်ထွန်းလာခဲ့ကြောင်း၊ ထိုသို့ ဂီတအနုသုခုမ စွမ်းဆောင်ရည်ကြောင့် မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်များ ပြန်လည်နိုးကြားလာခဲ့ပြီး လွတ်လပ်ရေးဆိုသည့်ပန်းတိုင်ကို ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့များ၊ အသံလွှင့်တပ်ဖွဲ့များ၊ မြဝတီရုပ်မြင်သံကြားတပ်ဖွဲ့များ၊ သတင်းစာတိုက်တပ်ဖွဲ့များသည် ပြည်သူနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိတွေ့နေသည့် တပ်ဖွဲ့များဖြစ်ကြောင်း၊ တစ်နည်းဆိုပါက တပ်မတော်နှင့် ပြည်သူအကြား ပေါင်းကူးတံတားများဖြစ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်အောင် ကျွမ်းကျင်ရာ အနုသုခုမ ပညာရပ်များနှင့် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ဆိုသည့် တာဝန်သုံးရပ်သည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များပင်ဖြစ်ကြောင်း၊ မူလရည်မှန်းချက်တာဝန်သုံးရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်တိုင်းတွင် ပင်ကိုဗီဇ၊ ဝါသနာ၊ ပါရမီဆိုသည့် စိတ်အခြေခံကောင်းများ ကနဦးရှိနေရန်လည်းလိုအပ်ကြောင်း၊ စိတ်အခြေခံကောင်းများမှ တစ်ဆင့် စာပေ၊ ဂီတ၊ အနုပညာဆိုသည့် ကျွမ်းကျင်ရာ နယ်ပယ်ကိုဝင်ရောက်ပြီး တပ်ဖွဲ့၏ မူလတာဝန်သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် မရှိမဖြစ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး လုပ်ငန်းစဉ်များ ပိုမိုပီပြင်စေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအတွက် အသက်နှင့်ထပ်တူ တန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်တစ်ခုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဖြစ်တည်မှု သမိုင်းအစမှတစ်ဆင့် လွတ်လပ်ရေးနှင့် အတူ ပိုင်ဆိုင်ခဲ့သည့်မြန်မာ့သုခုမအနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရာရောက်သည်ကို လေးလေးနက်နက် သိမြင်နားလည် ထားကြရန်လိုကြောင်း။

လက်ရှိ မျိုးဆက်များမှတစ်ဆင့် နောင်မျိုးဆက်သစ်များထိတိုင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းချစ်မြတ်နိုးသည့်စိတ်၊ စောင့်ရှောက်လိုသည့် စိတ်စသော စိတ်အခြေခံကောင်းများကို ထာဝစဉ်ရှင်သန်နေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးတတ်စေမည့် စိတ်အမြုတေကောင်းများကို လက်ဆင့်ကမ်းအမွေအဖြစ် ပေးအပ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့ နှလုံးသားထဲတွင် ပိုင်ဆိုင်ထားသည့် အနုပညာ၊ ပင်ကိုရှိပြီးသည့် အနုပညာဗီဇ၊ ပါရမီတို့နှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် အစစ်အမှန်ကို ဖော်ထုတ်ပြသကြရမည့် ပြိုင်ပွဲတစ်ရပ်ဆိုသည့်အသိထက်ကျော်လွန်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အပေါ် စောင့်ရှောက်နိုင်ရန်ဆိုသည့်အသိ၊ တပ်ဖွဲ့ဝင်များ၏ အနုပညာကိုယ်ရည်ကိုယ်သွေး မြင့်မားရေးဆိုသည့် အသိများထိတိုင်ရှုမြင်ပြီး မဆုတ်မနစ် ကြိုးစားယှဉ်ပြိုင် လျှောက်လှမ်းသွားကြရန်လိုအပ်ကြောင်း။

အတိတ်သမိုင်းစဉ်တွင် အောင်မြင်စွာ ကမ္ဘည်းထိုးနိုင်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး စစ်သည်တော်ကောင်းများနည်းတူ တပ်ဖွဲ့ဝင်များ၏ တစ်မူထူးခြားသည့် အနုပညာအရည်အသွေးကို မှတ်ကျောက်တင်ခံနိုင်၍ တပ်ဖွဲ့၏ ဂုဏ်ကို ဆက်လက်မြှင့်တင် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် မျိုးဆက်သစ်တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးပမ်းလျှောက်လှမ်းသွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများက တီးမှုတ်၊ သီဆို၊ ကပြဖျော်ဖြေတင်ဆက်မှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသည့် အကဲဖြတ်အဖွဲ့အနုပညာရှင်ကြီးများနှင့် စစ်သည်၊ စစ်သမီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကွပ်ကဲမှုအောက်တပ်များမှ စစ်သည်၊ စစ်သမီးများဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ခေတ်ပေါ်တေး၊ ကာလပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ဆိုင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်)ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများပါဝင်ပြီး ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



---

❖ *ရွှေဖုံးမှ*

ယနေ့နံနက်က အောင်မင်္ဂလာလမ်း၌ ယာဉ်လိုင်းဖွင့်ပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နီနီအောင်နှင့် အဆွေတော်ယာဉ်လိုင်းမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရန်ကုန်မြို့သို့သွားရောက်မည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါယာဉ်လိုင်းသည် ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ အခမဲ့ပြေးဆွဲပေးမည်ဖြစ်ပြီး ယာဉ်တစ်စီးလျှင် ခရီးသည် ၅၃ ဦးခန့် တင်ဆောင်နိုင်၍ ခရီးသည်စီးနင်းမှုအပေါ် မူတည်ကာ ယာဉ်အစီးရေနှင့်အခြားသော ခရီးစဉ်များ ထပ်မံတိုးချဲ့ ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❍ *ရွှေဖုံးမှ*

ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် ဒေသတွင်း စက်မှုလက်မှုအတတ်သင်ကျောင်းများ၊ နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များနှင့် ချိတ်ဆက်ဆောင်ရွက်ကာ လူငယ်များအား သင်္ဘောကျင်းတွင် လက်တွေ့ကွင်းဆင်းလေ့လာသင်ယူခွင့်များ စီစဉ်ပေးရန်နှင့် လုပ်ငန်းကျွမ်းကျင်၍ စိတ်ပါဝင်စားသော လူငယ်များကို အမြဲတမ်းဝန်ထမ်းများအဖြစ် ရွေးချယ်ခန့်ထားနိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# ခေတ်အဆက်ဆက် ပြောင်းလဲလာသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်များ

*(ယမန်နေ့မှအဆက်)*

**သတ္တမမျိုးဆက် — Industry 4.0 နှင့် ရေရှည်တည်တံ့သော စီးပွားရေး**

၂၀၂၀ ပြည့်နှစ် နောက်ပိုင်းမှ ၂၀၃၅ ခုနှစ်ဆီသို့ လှမ်းနေသည့် ယနေ့ခေတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုသည် ပိုမိုရှုပ်ထွေးလာပါသည်။

အဓိကမေးခွန်းမှာ **"နည်းပညာအဆင့်မြင့်မားမှု၊ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ကို မည်သို့ပေါင်းစပ်မည်နည်း။"**

စက်မှုပြုပြင်ပြောင်းလဲရေး ၄.၀ (**Industry 4.0**) တွင် ဉာဏ်ရည်တု (AI)၊ အင်တာနက် ချိတ်ဆက်ကိရိယာများ (IoT)၊ အဝေးထိန်းဆာဗာကြီးများနှင့် ချိတ်ဆက်အသုံးပြုသည့်စနစ် (Cloud Computing)၊ ကြီးမားသော ဒေတာအချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်း (Big Data Analytics)နှင့် 5G ကဲ့သို့ နည်းပညာများကို စက်ရုံထုတ်လုပ်မှုနှင့် ပေါင်းစပ်လာပါသည်။

စက်ပစ္စည်းများအချင်းချင်း ဆက်သွယ်နိုင်ပါသည်။ အချိန်နှင့်တစ်ပြေးညီ အချက်အလက် (Real–time Data)များကို စောင့်ကြည့်နိုင်ပါသည်။ စက်ချွတ်ယွင်းမည့်အခြေအနေကို ကြိုတင်ခန့်မှန်း၍ ပြုပြင်ထိန်းသိမ်းနိုင်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို အလိုအလျောက် ထိန်းချုပ်နိုင်လာပါသည်။

ရလဒ်အနေဖြင့် ထုတ်လုပ်မှုမြင့်တက်ခြင်း၊ အရည်အသွေးတိုးတက်ခြင်းနှင့် ကုန်ကျစရိတ်လျှော့ချခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

သို့သော် နည်းပညာတိုးတက်မှု တစ်ခုတည်းနှင့် မလုံလောက်တော့ပေ။ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် သယံဇာတ ရှားပါးလာမှုတို့ကြောင့် အစိမ်းရောင်စက်မှုလုပ်ငန်း (**Green Industry**) နှင့် **တစ်ပတ်လည်စီးပွားရေးစနစ် (Circular Economy)**တို့သည် စီးပွားရေးမူဝါဒ၏ အဓိကအစိတ်အပိုင်းများ ဖြစ်လာပါသည်။

ယခင်က **ယူ – ထုတ်လုပ် – စွန့်ပစ် (Take–Make–Dispose)** စနစ်မှ **ပြင်ဆင် – ပြန်လည်အသုံးပြု – ပြန်လည်ပြုပြင်အသုံးချ (Repair–Reuse–Recycle)** စနစ်သို့ ပြောင်းလဲရန် လိုအပ်လာပါသည်။

ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ကုန်ကြမ်းနှင့် စွမ်းအင်ကို ထိရောက်စွာ အသုံးချခြင်း၊ စွန့်ပစ်ပစ္စည်းလျှော့ချခြင်းနှင့် ပြန်လည်အသုံးပြုခြင်းတို့မှ စီးပွားရေးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို တစ်ပြိုင်နက် ဆောင်ရွက်နိုင်ရန် ရည်ရွယ်လာပါသည်။

စီးပွားရေးနှင့် စီမံအုပ်ချုပ်မှုမူဘောင် (**Environ–mental, Social and Governance– ESG**) သည်လည်း စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များတွင် ပိုမိုအရေးပါလာပါသည်။

လုပ်ငန်းတစ်ခု ကောင်း၊ မကောင်းကို အမြတ်အစွန်း မည်မျှရသနည်းဟူသော စံနှုန်းတစ်ခုတည်းဖြင့် မတိုင်းတာတော့ဘဲ သဘာဝပတ်ဝန်းကျင်အပေါ် မည်မျှတာဝန်ယူသနည်း၊ လူမှုအသိုင်းအဝိုင်းအပေါ် မည်သို့အကျိုးပြုသနည်း၊ စီမံအုပ်ချုပ်မှု မည်မျှကောင်းမွန်သနည်းဟူ၍ပါ တိုင်းတာလာကြပါသည်။

ကာဗွန်မျှခြေဖြစ်ရေး(**Carbon Neutrality**) နှင့် ကာဗွန်အလုံးစုံ စိစစ်လျှော့ချရေး(**Net Zero**)၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ လျှပ်စစ်သုံးယာဉ်၊ စွမ်းအင်အကျိုးရှိစွာ အသုံးချမှုနှင့် သန့်ရှင်းသော နည်းပညာ(Clean Technology)များသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသော အစိတ်အပိုင်းများ ဖြစ်လာကြပါသည်။

ရုပ်ဝတ္ထုနှင့် ဒီဂျစ်တယ်စနစ် ပေါင်းစပ်ခြင်း (Cyber–Physical Integration)နှင့် ဒီဂျစ်တယ်ပုံတူ (Digital Twin)ကဲ့သို့ နည်းပညာများက ရုပ်ပိုင်းဆိုင်ရာ စက်ရုံနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တို့၏ ဒီဂျစ်တယ်ပုံတူကို ဖန်တီးကာ ထုတ်လုပ်မှုမစတင်မီ စမ်းသပ်ခြင်း၊ ကြိုတင်ခန့်မှန်းခြင်းနှင့် အကောင်းဆုံးဖြစ်အောင် ပြုပြင်ခြင်းတို့ ပြုလုပ်နိုင်သည့် အဆင့်သို့ ရောက်ရှိလာနေပြီဖြစ်ပါသည်။




(Market + Government + Industry + Human Capital + Region + MSME + Innovation + Digital Technology + Sustainability)

> **" ၂၁ ရာစု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် "ပိုမိုထုတ်လုပ်နိုင်ရန်"ဆိုသည့် ရည်မှန်းချက်တစ်ခုတည်းဖြင့် မလုံလောက်တော့ပေ။ ပိုမိုထိရောက်စွာ ထုတ်လုပ်နိုင်ရန်၊ ပိုမိုဆန်းသစ်တီထွင်နိုင်ရန်၊ နိုင်ငံတကာဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်ရန်၊ တန်ဖိုးပိုမိုမြင့်မားသော ထုတ်ကုန်များ ဖန်တီးနိုင်ရန်၊ လူ့အရင်းအနှီးကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းအတွက် ရေရှည်တည်တံ့စွာ ထုတ်လုပ်နိုင်ရန် လိုအပ် "**

**မျိုးဆက်ဟောင်းကို မစွန့်ပစ်ဘဲ မျိုးဆက်သစ်နှင့် ပေါင်းစပ်ရန်**

ခေတ်အဆက်ဆက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်များကို လေ့လာရာတွင် အရေးကြီးဆုံး သင်ခန်းစာတစ်ခု ရှိပါသည်။

နောက်ဆုံးပေါ် အယူအဆသည် ယခင်အယူအဆအားလုံးကို အစားထိုးလိုက်ခြင်း မဟုတ်ပေ။ ပထမမျိုးဆက်မှ ဈေးကွက်နှင့် ကုန်သွယ်မှု၏ အရေးပါမှုကို ရရှိခဲ့ပါသည်။ ဒုတိယမျိုးဆက်မှ အစိုးရ၏ မူဝါဒနှင့် အခြေခံအဆောက်အအုံကဏ္ဍ၏ အရေးပါမှုကို သိရှိခဲ့ပါသည်။ တတိယမျိုးဆက်မှ စက်မှုအသွင်ကူးပြောင်းရေး၊ ပို့ကုန်နှင့် လူ့အရင်းအနှီး၏ အရေးပါမှုကို ရရှိခဲ့ပါသည်။

စတုတ္ထမျိုးဆက်မှ ဒေသအလိုက် အားသာချက်၊ စီးပွားရေးလုပ်ငန်းတူအစုအဖွဲ့(Cluster)နှင့် တန်ဖိုးကွင်းဆက် (Value Chain)ကို သိရှိခဲ့ပါသည်။ ပဉ္စမမျိုးဆက်မှ MSME နှင့် စွန့်ဦးတီထွင်မှု၏ အင်အားကို တွေ့ရှိခဲ့ပါသည်။ ဆဋ္ဌမမျိုးဆက်မှ အသိပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်နည်းပညာတို့သည် စီးပွားရေးတန်ဖိုးဖန်တီးမှု၏ အခြေခံဖြစ်လာကြောင်း သိရှိခဲ့ပါသည်။

သတ္တမမျိုးဆက်တွင်မူ ယင်းတို့အားလုံးကို စက်မှုပြုပြင်ပြောင်းလဲရေး ၄.၀ (**Industry 4.0**)၊ အစိမ်းရောင်စက်မှုလုပ်ငန်း (**Green Industry**) နှင့် **တစ်ပတ်လည်စီးပွားရေးစနစ် (Circular Economy)**၊ စီးပွားရေးနှင့် စီမံအုပ်ချုပ်မှုမူဘောင် (**ESG**)နှင့် ကာဗွန်အလုံးစုံစိစစ်လျှော့ချရေး(**Net Zero**)တို့နှင့် ပေါင်းစပ်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် အကောင်းဆုံးမူဝါဒသည် မျိုးဆက်တစ်ဆက်၏ အယူအဆကိုသာ ရွေးချယ်ကျင့်သုံးခြင်းမဟုတ်ဘဲ မျိုးဆက်တစ်ဆက်ချင်းစီ၏ အားသာချက်ကို မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပေါင်းစပ်အသုံးချခြင်း ဖြစ်ပါသည်။

**၂၁ ရာစု စီးပွားရေး၏ အဓိကအဖြေ**

၂၁ ရာစု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် "ပိုမိုထုတ်လုပ်နိုင်ရန်"ဆိုသည့် ရည်မှန်းချက်တစ်ခုတည်းဖြင့် မလုံလောက်တော့ပေ။

- ပိုမိုထိရောက်စွာ ထုတ်လုပ်နိုင်ရန်၊
- ပိုမိုဆန်းသစ်တီထွင်နိုင်ရန်၊
- နိုင်ငံတကာဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်ရန်၊
- တန်ဖိုးပိုမိုမြင့်မားသော ထုတ်ကုန်များ ဖန်တီးနိုင်ရန်၊
- လူ့အရင်းအနှီးကို ပိုမိုမြှင့်တင်နိုင်ရန်နှင့်
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းအတွက် ရေရှည်တည်တံ့စွာ ထုတ်လုပ်နိုင်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။

ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် လွတ်လပ်ပြီး ယှဉ်ပြိုင်နိုင်သော ဈေးကွက်တစ်ခုတည်းနှင့် မလုံလောက်သကဲ့သို့ အစိုးရဦးဆောင်မှု တစ်ခုတည်းလည်း မလုံလောက်ပေ။

ထိရောက်သောအစိုးရ၊ အားကောင်းသော ပုဂ္ဂလိကကဏ္ဍ၊ ခိုင်မာသော စက်မှုအခြေခံ၊ အရည်အသွေးမြင့် လူသားအရင်းအနှီး၊ ဒေသအခြေပြု စီးပွားရေးလုပ်ငန်းတူအစုအဖွဲ့နှင့် တန်ဖိုးကွင်းဆက်၊ တက်ကြွသော MSMEနှင့် စွန့်ဦးတီထွင်မှု၊ တက္ကသိုလ်နှင့် စက်မှုလုပ်ငန်း ချိတ်ဆက်သည့် ဆန်းသစ်တီထွင်မှုစနစ်၊ ဒီဂျစ်တယ်နည်းပညာနှင့် အစိမ်းရောင်စက်မှုလုပ်ငန်းတို့ အပြန်အလှန်ချိတ်ဆက်နိုင်ရန် လိုအပ်ပါသည်။

တစ်နည်းအားဖြင့်ဆိုသော် ခေတ်သစ်စီးပွားရေး၏ မောင်းနှင်အားမှာ အရာတစ်ခုတည်းအပေါ် မူတည်နေခြင်း မဟုတ်တော့ပေ။

**ဈေးကွက်၊ အစိုးရ၊ စက်မှုလုပ်ငန်း၊ လူသားအရင်းအမြစ်တန်ဖိုး၊ ဒေသဆိုင်ရာ၊ MSME၊ ဆန်းသစ်တီထွင်မှု၊ ဒီဂျစ်တယ်နည်းပညာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ကို** စနစ်တကျ ပေါင်းစပ်ချိတ်ဆက်နိုင်ခြင်းကသာ နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းကို ဆုံးဖြတ်လာမည်ဖြစ်ပါသည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သင်ခန်းစာ**

ယနေ့ ဖွံ့ဖြိုးဆဲနိုင်ငံများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမှာ စက်မှုဖွံ့ဖြိုးပြီးနောက်မှ ဒီဂျစ်တယ်စနစ်သို့ တဖြည်းဖြည်းကူးပြောင်းခွင့်ရသည့် ယခင်ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အခြေအနေနှင့် မတူတော့ပေ။

စက်မှုအခြေခံကို တည်ဆောက်နေရင်း Industry 4.0 ကို လိုက်ရမည်။ MSME များကို မြှင့်တင်နေရင်း နိုင်ငံတကာတန်ဖိုးကွင်းဆက်နှင့် ချိတ်ဆက်ရမည်။ စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနေရင်း အစိမ်းရောင်စွမ်းအင်(Green Energy) ကို ကူးပြောင်းရမည်။ ထုတ်လုပ်မှုတိုးမြှင့်နေရင်း ကာဗွန်လျှော့ချရေး (Carbon Reduction)ကိုလည်း ဆောင်ရွက်ရမည်။ လူ့အရင်းအနှီးကို တည်ဆောက်နေရင်း ဉာဏ်ရည်တု (AI) နှင့် အလိုအလျောက် (Automation) ခေတ်အတွက် ကျွမ်းကျင်မှုအသစ်များကို တစ်ပြိုင်နက် ပြင်ဆင်ရမည်။

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ယနေ့ စီးပွားရေးဖွံ့ဖြိုးရေးသည် **အဆင့်တစ်ဆင့်ပြီးမှ တစ်ဆင့် ဆောင်ရွက်နိုင်သည့် လမ်းကြောင်းတစ်ခုထက် မျိုးဆက်များစွာ၏ ဖွံ့ဖြိုးရေးအယူအဆများကို တစ်ပြိုင်နက်တည်း ပေါင်းစပ်အကောင်အထည်ဖော်ရသည့် လုပ်ငန်းစဉ်**ဖြစ်လာပါသည်။

ခနဥစ္စာဖန်တီးခြင်းမှ စတင်ခဲ့သည့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ခရီးစဉ်သည် စက်မှု ဖွံ့ဖြိုးရေး၊ လူသားအရင်းအနှီး၊ ဒေသဖွံ့ဖြိုးရေး၊ MSME နှင့် စွန့်ဦးတီထွင်မှု၊ အသိပညာနှင့် ဆန်းသစ်တီထွင်မှုတို့ကို ဖြတ်သန်းလာခဲ့ပြီး ယနေ့တွင် နည်းပညာ၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ ဟန်ချက်ညီစွာ ပေါင်းစပ်သည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်လာနေပြီ ဖြစ်ပါသည်။

အနာဂတ်တွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုကို **"မည်မျှထုတ်လုပ်နိုင်သနည်း"** ဟူသည့် အတိုင်းအတာတစ်ခုတည်းဖြင့် ဆုံးဖြတ်တော့မည် မဟုတ်ပေ။

**မည်မျှထိရောက်စွာ ထုတ်လုပ်နိုင်သနည်း၊ မည်မျှတန်ဖိုးမြင့်အောင် ပြောင်းလဲနိုင်သနည်း၊ မည်မျှဆန်းသစ်တီထွင်နိုင်သနည်း၊ မည်မျှယှဉ်ပြိုင်နိုင်သနည်းနှင့် မည်မျှရေရှည်တည်တံ့စွာ ဖွံ့ဖြိုးနိုင်သနည်း**ဟူသောအချက်များကို ပေါင်းစပ်၍ ဆုံးဖြတ်လာမည်ဖြစ်ပါသည်။

ဤသည်ပင် ခနဥစ္စာဖန်တီးခြင်းကိုသာ အဓိကထားခဲ့သည့် ၁၈ ရာစု စီးပွားရေးအတွေးအခေါ်မှ လူသား၊ နည်းပညာ၊ စီးပွားရေးနှင့် ကမ္ဘာမြေ၏ ရေရှည်တည်တံ့မှုကို တစ်ပြိုင်နက်တည်း ထည့်သွင်းစဉ်းစားလာသည့် ၂၁ ရာစု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထိ ရာစုနှစ်များစွာ ဖြတ်သန်းပြောင်းလဲလာခဲ့သော ခရီးစဉ်ပင်ဖြစ်ပါသည်။

**ကိုချင်း**

မှတ်ချက်။ **"စာရေးသူသည် စီးပွားရေးပညာရှင် မဟုတ်သော်လည်း ပြည်သူပိုင်စီးပွားရေး လုပ်ငန်းကြီးတစ်ခု၏ လက်ရုံးဌာနတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်ပါသည်။ ထိုကာလတစ်လျှောက်လုံး မိမိဌာန၏ လိုအပ်ချက်များ တင်ပြရာတွင် အဖွဲ့အစည်း၏ "စီးပွားရေး" မကောင်း၍ တောင်းခံတင်ပြမှုများ မရရှိခဲ့သဖြင့် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။ ထို့ကြောင့် "စီးပွားရေး"ဆိုတာဘာလဲဟု အဖြေရှာမိရင်းက ရရှိသည့် "အသိ"များကို မိမိ၏ ဘဝတူ လုပ်ဖော်ကိုင်ဖက်များကို မျှဝေခြင်းသာ ဖြစ်ပါသည်။"** (စာရေးသူ)

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Park Royal ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung နှင့်အတူ ဦးဆောင်တက်ရောက်ကြသည်။



အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ထူထောင်ထားသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအောက်မှ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ အထူးသဖြင့် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို အပြန်အလှန်ရှင်းလင်းအသိပေးကြပြီး နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံအားပေးလျက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ခုနှစ်တွင် မြန်မာ-ဗီယက်နမ် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးထူထောင်မှု (၁၀)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်သင်တန်းကျောင်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ရတနာပုံဆိုက်ဘာစီးတီးအပါအဝင် မြန်မာနိုင်ငံ၏ နည်းပညာအထူးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ရန်၊ နည်းပညာဆိုင်ရာပစ္စည်းများ လာရောက်ထုတ်လုပ်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်ခ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိသကဲ့သို့ ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိရာ နှစ်နိုင်ငံအကြား အဆိုပါဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမူဘောင်များအောက်မှလည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့် ဆက်ဆံရေးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အပြုသဘောဆောင် ကြိုဆိုသည့် ဗီယက်နမ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ဂုဏ်ပြုပါကြောင်း၊ ဗီယက်နမ်တွင်လည်း ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ (၁၄) ကြိမ်မြောက် အမျိုးသားပါတီကွန်ဂရက်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေးမဟာဗျူဟာများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်သည် နှစ်နိုင်ငံစလုံးအတွက် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အချိန်အခါကောင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားလိုကြောင်း၊ အာဆီယံ၊ ကုလသမဂ္ဂနှင့် အခြားသော အပြည်ပြည်ဆိုင်ရာ မူဘောင်များတွင် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝနှင့် တန်းတူအခွင့်အရေးရရှိရေးအတွက် ဗီယက်နမ်နိုင်ငံက ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှု-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြိုးပမ်းမှုများကို ထောက်ခံကြောင်း၊ နှစ်နိုင်ငံအကြား အာဆီယံ၊ အက်ခ်မက်နှင့် စီအယ်လ်အမ်ဗွီတို့အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးအပြီးတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများက ပူးတွဲကော်မရှင်အစည်းအဝေး၏ သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung နှင့်အဖွဲ့သည် နေပြည်တော်မှ ပြန်လည်ထွက်ခွာရာ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) (၃၈)ကြိမ်မြောက် လက်ထောက်ကျန်းမာရေးမှူးသင်တန်းဆင်းပွဲကျင်းပ

**မကွေး ဩဂုတ် ၂၆**

အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး)သင်တန်းကို ကိုးလသင်တန်းဖွင့်လှစ်လျက်ရှိရာ ၂၀၂၆ ခုနှစ်အထိ သင်တန်းသား သင်တန်းသူ ၂၉၀၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း (၃၈)ကြိမ်မြောက် လက်ထောက်ကျန်းမာရေးမှူး သင်တန်းဆင်းပွဲမှ သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက ပြည်သူလူထုအား မိမိ၏ ဆွေမျိုးသားချင်းကဲ့သို့ သဘောထားကာ ကိုယ်ချင်းစာတရားဖြင့် တာဝန်ထမ်းဆောင်ရန် အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ **(အပေါ်ပုံ)**

လက်ထောက်ကျန်းမာရေးမှူး (အကျဉ်းချုံး)သင်တန်းကို ၁၉၈၀ ပြည့်နှစ်တွင် တစ်နှစ်သင်တန်းဖွင့်လှစ်ခဲ့ပြီး စတင်ဖွင့်လှစ်စဉ်က အမျိုးသားများကိုသာ တက်ရောက်ခွင့်ပြုခဲ့သော်လည်း ၁၉၈၆ ခုနှစ်မှစ၍ အမျိုးသမီးကျန်းမာရေးဆရာမများနှင့် သူနာပြုများကိုပါ တက်ရောက်ခွင့်ပြုခဲ့ကြောင်း၊ (၃၆)ကြိမ်မှစတင်၍ သင်ရိုးညွှန်းတမ်းများကို စနစ်တကျပြန်လည်ပြင်ဆင်ခဲ့ပြီး သင်ကြားရေးဆေးရုံကြီးများ၌ လက်တွေ့ဘာသာရပ်များကို လေ့လာဆည်းပူးခြင်း၊ အဆင့်ဆင့်သောဆန်းစစ်ချက်များ ဖြေဆိုခြင်းနှင့် ကွင်းဆင်းသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မကွေးမြို့ သူနာပြုသိပ္ပံ (မကွေး)နှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း သန့်ရှင်းသာယာလှပရေး ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးများထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung သည် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## သောင်ရင်းမြစ်ရေ မြဝတီမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေရှစ်လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူး Mr. Peter John Cross ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(United Nations Office for Project Services–UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူး Mr. Peter John Cross ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ၏ စွမ်းပကားမြှင့်တင်ရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်း(National Strategic Plan for Advance–ment of Women–NSPAW) အကောင်အထည်ဖော်ရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးတို့ကို ဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိမှု၊ အာဆီယံလုပ်ငန်းစဉ်များ အနေဖြင့် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများ အဆင့်အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ၊ အာဆီယံ အမျိုးသမီးကော်မတီ၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်များအခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် (အမျိုးသမီး ကိုယ်စားလှယ်)၊ အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် မှတ်ပုံတင်ကဏ္ဍတို့ကို Focal Point အဖြစ် ဆောင်ရွက်လျက်ရှိမှုတို့နှင့်စပ်လျဥ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ Mr. Peter John Cross က မိမိတို့၏ Work Plan တွင် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း ထောက်ပံ့ရေးလုပ်ငန်းများ၊ ကျား–မ အခြေပြုအကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများပါရှိသည့်အတွက် အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တွေ့ဆုံမှုအတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်က ငဝန်မြစ်ရေသည် ခုနစ်ပေ ကိုးလက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ငါးပေ ရှစ်လက်မခန့်သာ ကျန်ရှိသဖြင့် နှစ်ပေခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်က ၁၁ ပေ နှစ်လက်မခန့်ထိအမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၁၀ ပေ လေးလက်မခန့်သာ ကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်က ၁၀ ပေ ကိုးလက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၁၀ ပေ သုံးလက်မခန့်သာ ကျန်ရှိသဖြင့် ခြောက်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





# ဖလမ်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဖလမ်း ဩဂုတ် ၂၆**

ဖလမ်းမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဆေးရုံဝင်းအတွင်း သူနာပြုအိမ်ရာများ၊ အမှတ်(၁) မူလတန်းလွန်ကျောင်း ကျောင်းဆောင်၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ် ပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်း ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး မှာကြားသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌသည် မြို့နယ်သမဝါယမဦးစီးဌာန နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာအဆောက်အအုံ အလုံးစုံ ပြုပြင်ပြီးစီးမှု၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း စတိုဆောင် ပြုပြင်မှုနှင့် ကျောင်းသားအိပ်ဆောင် အဆောက်အအုံ အလုံးစုံပြုပြင်ပြီးစီးမှု၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် လေးခန်းတွဲ အဆောက်အအုံ ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအသစ်ပြုပြင်ခြင်း၊ နံကပ်နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာပြုပြင်ခြင်းနှင့် လျှပ်စစ်ဝန်ထမ်းအိမ်ရာ လေးခန်းတွဲပြုပြင်ခြင်း၊ မြို့နယ်လျှပ်စစ်၊ မီးစက် အဆောင်အမှတ်(၁)ပြုပြင်ခြင်း၊ လမ်းဦးစီး ဧည့်ရိပ်သာ ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း မြို့နယ်သာသနာရေးရုံး အဆောက်အအုံ ပြုပြင်နေမှု၊ ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အအုံပြုပြင်နေမှု၊ အိုးအိမ်ဝန်ထမ်း အိမ်ရာ နှစ်ခန်းတွဲပြုပြင်နေမှု၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ရုံးအဆောက်အအုံ ပြင်ဆင်နေမှုများနှင့် မိုးလေဝသဆိုင်ရာ တိုင်းတာသည့် ကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

- **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး Job-Fair အခမ်းအနားကျင်းပ



**မုံရွာ ဩဂုတ် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး Job-Fair အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြီး အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဌာနဆိုင်ရာပြခန်းများ၊ ပုဂ္ဂလိကဘဏ်ပြခန်းများနှင့် MSME လုပ်ငန်းရှင်များ၏ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းပြခန်းများ ခင်းကျင်းပြသထားကြောင်း သိရသည်။

အဆိုပါ Job-Fair အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် မုံရွာတက္ကသိုလ် ပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများအတွက် သင့်လျော်သည့်လုပ်ငန်းခွင်အား တိုက်ရိုက်ရှာဖွေနိုင်ရန်နှင့် ကုမ္ပဏီများအတွက်လည်း ထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါကြောင်း အမှာစကားပြောကြားပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကျင်းပ

**ထားဝယ် ဩဂုတ် ၂၆**
တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ရေဖြူမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးမိုးကျော်သူက တင်သွင်းခဲ့သည့် "မြိတ်မြို့နယ်တွင် ငါးပစ်ဂိမ်းလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နေသည်ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အဆိုကိုအတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် တတိယအကြိမ် တနင်္သာရီတိုင်း ဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ရပ်နားပြီး တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၆**
နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**



# ညောင်တုန်းမြို့နယ် ချောင်းဖျားကျေးရွာရှိ ညောင်တုန်း ကျွန်းတာ ၁၁/၅ နှင့် ၁၁/၇ အတွင်း ရေဝဲတိုးမှုကြောင့် တာအိပ်ကျမှုအား အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိ ညောင်တုန်း ကျွန်းတာ ၁၁/၅နှင့် ၁၁/၇ အတွင်း ရေဝဲတိုးမှုကြောင့် ကမ်းပြိုကမ်းစား၍ အလျားပေ ၃၀၀၊ အနံပေ ၆၀ ခန့် တာအိပ်ကျမှုအား တာတမံကြံ့ခိုင်ရေးအတွက် အရေးပေါ် ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် အနီးကပ်ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိပြီး ယမန်နေ့က နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ မြစ်ကမ်းပြိုကျရာနေရာတွင် စက်ယန္တရားခုနစ်စင်း၊ သဲစုပ်စက်လှေနှစ်စင်းတို့ဖြင့် ကမ်းရင်းတာအား တောင့်တင်းခိုင်မာမှုရှိစေရေး တုတ်တန်းရိုက်သဲအိတ်ချခြင်းလုပ်ငန်း၊ မိုးတွင်းကာလ အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပန်းတာတည်ဆောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၄ ရက်က လေးမျက်နှာမြို့နယ် ငဝန်တာနိမ့်ကျရေစီးဝင်သည့် နေရာမှ ရေစီးဆင်းရာ လမ်းကြောင်းတစ်လျှောက် ချောင်း/မြောင်းများ၏ ရေစီးဆင်းနေမှု၊ ကျုံပျော်မြို့ရှိ ခဲဘောင်တံတား ဒါးကမြစ်ရေစီးဆင်းနေမှု၊ ကျောင်းကုန်းမြို့ ကျောင်းကုန်းတံတား ဒါးကမြစ်ရေစီးဆင်းနေမှု၊ ရေခလုတ်တံတား၊ မင်းမနိုင်ချောင်း ရေစီးဆင်းမှု၊ ဒါးကမြို့ ဒါးကတံတား ရေစီးဆင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသနေပြည်သူများနှင့် တွေ့ဆုံပြီး ကောင်းမွန်စွာ ရေစီးဆင်းနိုင်ရန် အဟန့်အတားဖြစ်နေသော ပိတ်ဆို့နေသည့် သဲသောင်များနှင့် ဒိုက်ဗေဒါများကို ဖယ်ရှားရှင်းလင်းနိုင်ရေး၊ ရေမှတ်တိုင်များ စိုက်ထူ၍ ရေစီးဆင်းမှုရေအမှတ်အတက်အကျများကို အချိန်အလိုက် စောင့်ကြည့်နိုင်ရေး၊ ချောင်း/မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေတိုရေရှည်အစီအမံများ ရေးဆွဲဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့ပြင် ကန်ကြီးထောင့်မြို့ ကန်ကြီးထောင့်တာ ကြံ့ခိုင်မှု၊ ရေတံခါးများ ထိန်းသိမ်းထားရှိမှုနှင့် ရေကြည်မြို့နယ် အသုတ်မြို့ရှိ အသုတ်တံတား၊ အသုတ်ချောင်း ရေစီးဆင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပထမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ(အမျိုးသား)ကို ပြိုင်ပွဲဝင် ၂၂ ဦးက လူချွန်လူကောင်း ခေတ်ဟောင်း တေးသီချင်းဖြင့် လည်းကောင်း၊ ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၆ ဦးက ဓမ္မစကြာခေတ်ဟောင်းတေးသီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့် ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက် ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၅)

## သုတေသနအခြေပြုတက္ကသိုလ်များ (အပိုင်း-၂)

*ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ်-ငြိမ်း)*

ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် နယ်သာလန်နိုင်ငံ စသည့်နိုင်ငံများ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ ထိပ်တန်းနိုင်ငံများ ဖြစ်နေကြခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

သုတေသနအခြေပြု တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူဦးရေ မများသော်လည်း ကမ္ဘာ့တက္ကသိုလ်များတွင် သုတေသနဦးစားပေး ဆောင်ရွက်နေသော တက္ကသိုလ်များကို နမူနာ ဆက်လက်ပေးလိုပါသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားနည်းပညာ သုတေသနတက္ကသိုလ်/ကယ်လ်တက်ရှ် (California Institute of Technology – Caltech) သည်ပုဂ္ဂလိက တက္ကသိုလ် တစ်ခုဖြစ်ပြီး ကျောင်းသားဦးရေမှာလည်း ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်ကဲ့သို့သော တက္ကသိုလ်ကြီးများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါသည်။ သို့သော် အရေးကြီးဆုံးအချက်မှာ သုတေသနအခြေပြုတက္ကသိုလ်ဖြစ်ခြင်းသည် ကျောင်းသားဦးရေ များပြားခြင်းနှင့် တိုက်ရိုက်မသက်ဆိုင်ပါ။ ကယ်လ်တက်ရှ်သည် ကျောင်းသား ကျောင်းသူဦးရေ အလွန်နည်းသော်လည်း သုတေသနလုပ်ငန်း အလွန်အင်အားကောင်းသော တက္ကသိုလ်ဖြစ်ပါသည်။ ဤကဲ့သို့သုတေသနအားကောင်းရခြင်းမှာ –

**(က) ကယ်လ်တက်ရှ်သည် ပုဂ္ဂလိကတက္ကသိုလ်ဖြစ်ခြင်း**

ကယ်တက်ရှ်သည် အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ် ပါစာဒီနာ (Pasadena) မြို့တွင် တည်ရှိသည့် လွတ်လပ်သော ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၁၈၉၁ ခုနှစ် ကတည်းက စတင်တည်ထောင်ထားပြီး သိပ္ပံ၊ အင်ဂျင်နီယာနှင့် သုတေသနကို ဦးစားပေးပါသည်။ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၄၀၀ ခန့်တွင် ဘွဲ့ကြို ကျောင်းသား ကျောင်းသူ ၉၀၀ ကျော်သာရှိပြီး ဘွဲ့လွန်ကျောင်းသား ကျောင်းသူ ၁၅၀၀ နီးပါး တက်ရောက်သင်ကြား၊ သုတေသနပြုလျက်ရှိပါသည်။ တက္ကသိုလ် အငယ်/ အသေးလေး ဖြစ်သော်လည်း ပါမောက္ခပေါင်း ၃၀၀ ကျော်က ကြီးကြပ်သုတေသနပြုလျက်ရှိနေကာ ကျောင်းသား ဆရာ အချိုး ၃ အချိုး ၁ (Students Teachers Ratio 3:1) ဖြင့် ကမ္ဘာ့သုတေသနအခြေပြု ထိပ်တန်းတက္ကသိုလ် အဖြစ်ဦးဆောင်နေပါသည်။




ကယ်လီဖိုးနီးယားနည်းပညာသုတေသနတက္ကသိုလ်နှင့် ဆရာ၊ တပည့် စာဆွေးနွေးနေစဉ်။

**(ခ-၂) အရွယ်အစားသေးသော်လည်း သုတေသနအားကောင်း/ အလွန်မြင့်မားသော တက္ကသိုလ်များရှိနေခြင်း**

ဥပမာ- ကယ်လ်တက်ရှ်အပါအဝင် ရော့က်ဖဲလားတက္ကသိုလ် (Rockefeller University)၊ အိန္ဒိယစိုက်ပျိုးရေးသုတေသနတက္ကသိုလ် (ဘွဲ့လွန်သင်တန်းများသာ ဖွင့်လှစ်ထား) (IARI–Indian Agricultural Research Institute)နှင့် အချို့သော သုတေသနအထူးပြု တက္ကသိုလ်များသည် ကျောင်းသား ကျောင်းသူအရေအတွက် အနည်းငယ်နှင့်ပင် သုတေသနပြုနေပါသည်။ ထို့ကြောင့် သုတေသနအခြေပြုတက္ကသိုလ် ဖြစ်၊ မဖြစ်ကို ကျောင်းသားဦးရေ တစ်ခုတည်းဖြင့် ဆုံးဖြတ်၍မရပါ။

**(ခ-၃) ကယ်လ်တက်ရှ်သည် သုတေသနဦးစားပေး၏ အလွန်ကောင်းသော ဥပမာတစ်ခုဖြစ်ခြင်း**

ဤတက္ကသိုလ်၏ အဓိက ရည်မှန်းချက်မှာ သုတေသနနှင့် ပညာရေးကို အတူတကွပေါင်းစပ်ခြင်းဖြင့် လူသားတို့၏ အသိပညာကို တိုးတက်စေရန်ဖြစ်ပါသည်။ ထို့ကြောင့် ကယ်လ်တက်ရှ်တွင် ပညာရေး၊ သုတေသန၊ တီထွင်မှုကို အလွန်နီးကပ်စွာ ပေါင်းစပ်ထားပါသည်။ အခြားတစ်နည်းဖြင့် ပြောရလျှင် ယင်းသည် "ကျောင်းသား အများကြီးကို သင်ကြားပေးရန်"အဓိကထားသော တက္ကသိုလ်ထက် "သုတေသနမှတစ်ဆင့် အသိပညာအသစ်များ ဖန်တီးရန်" ပိုမိုအလေးထားသော တက္ကသိုလ်ဖြစ်ပါသည်။

**(ခ-၄) ကယ်လ်တက်ရှ်တွင် ကျောင်းသားဦးရေ အလွန်နည်းသော်လည်း သုတေသန နာမည်ကြီးနေခြင်း**

ဤအချက်သည်၎င်း၏အားနည်းချက်မဟုတ်ဘဲ အားသာချက်တစ်ခု ဖြစ်ပါသည်။ ဤတက္ကသိုလ်သည် ကျောင်းသား ကျောင်းသူဦးရေကို အလွန်နည်းပါးစွာ ထိန်းသိမ်းထားပြီး ပါမောက္ခများစွာ ခန့်ထားကာ ထိုပါမောက္ခများနှင့် ကျောင်းသား ကျောင်းသူများ နီးကပ်စွာ အလုပ်လုပ်နိုင်ရန်၊ ဓာတ်ခွဲခန်းသုတေသနများတွင် ပါဝင်နိုင်ရန်၊ တစ်ဦးချင်း သုတေသနစီမံချက်များ လုပ်နိုင်ရန်၊ ကမ္ဘာ့ထိပ်တန်း သိပ္ပံပညာရှင်များနှင့် တိုက်ရိုက်ပူးပေါင်းနိုင်ရန် အခွင့်အလမ်းများ ပေးထားပါသည်။ ကယ်လ်တက်ရှ်တွင် ခန့်မှန်းအားဖြင့် ကျောင်းသား ကျောင်းသူ ၂၃၆၉ ဦးနှင့် ပါမောက္ခ ၃၂၃ ဦးရှိသဖြင့် ကျောင်းသား ဆရာအချိုး(Student–Faculty Ratio)သည် ခန့်မှန်းအားဖြင့် ၃ : ၁ ဖြစ်ပါသည်။ ယင်းသည် ပုံမှန်အရွယ်အစားကြီး တက္ကသိုလ်များထက် အလွန်နည်းပါးခြင်းက သုတေသနအလုပ်တွင် တပန်းသာခြင်းဖြစ်ပါသည်။

**(ခ-၅) ကယ်လ်တက်ရှ်တွင် ဘွဲ့ကြို ကျောင်းသား ကျောင်းသူများကိုယ်တိုင် သုတေသနလုပ်ငန်းတွင် ပါဝင်ကြခြင်း**

ဤတက္ကသိုလ်၏ အရေးကြီးသော ထူးခြားချက်တစ်ခုမှာ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ ကိုယ်တိုင် သုတေသနတွင် ပါဝင်ခွင့်ရရှိခြင်းဖြစ်ပါသည်။ အချက်အလက်များအရ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ၏ ၉၁ ရာခိုင်နှုန်းခန့်သည် သုတေသနလုပ်ငန်းများတွင် ပါဝင်ကြပါသည်။ ထို့ကြောင့် တက္ကသိုလ်၏ သင်ကြားရေးပုံစံကို ကျောင်းသား ကျောင်းသူ၊ ပါမောက္ခ၊ ဓာတ်ခွဲခန်း၊ ကွင်း၊ သုတေသနစီမံချက်၊ စာတမ်းရေးသားမှု၊ တီထွင်ဖန်တီးမှုဟူ၍ နားလည်နိုင်ပါသည်။ ယင်းသည် ရိုးရိုးစာသင်၊ စာမေးပွဲစစ်၊ ဘွဲ့ပေးနေသည်ဟူသော ပညာသင်ကြားရေးပုံစံထက် သုတေသနကို ပိုမိုအလေးထားသော ပုံစံဖြစ်ပါသည်။

**(ခ-၆) ဘွဲ့လွန် ကျောင်းသား ကျောင်းသူများ၏ အခန်းကဏ္ဍလည်း အလွန်အရေးကြီးနေခြင်း**

ဤတက္ကသိုလ်တွင် ဘွဲ့ကြို ၉၇၁ ဦး၊ ဘွဲ့လွန် ၁၃၉၈ ဦး ရှိသောကြောင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူအရေအတွက်က ဘွဲ့ကြိုကျောင်းသား ကျောင်းသူထက်ပင် ပိုများပါသည်။ ဤအချက်သည် ယင်း၏ သုတေသနသဘာဝကို ပြသသည့် အရေးကြီးသောအချက်တစ်ခု ဖြစ်ပါသည်။ ဘွဲ့လွန်များသည် မဟာသုတေသန၊ ပါရဂူသုတေသန၊ ဓာတ်ခွဲခန်း သုတေသန၊ သုတေသနစာတမ်းများ ထုတ်ဝေမှု၊ သုတေသနစီမံကိန်းများတို့တွင် တက်ကြွစွာ ပါဝင်ကြပါသည်။

**(ခ-၇) တက္ကသိုလ်၏ သုတေသနအသုံးစရိတ်ကို ကြည့်ခြင်းက ပိုမိုသင့်တော်ခြင်း**

တက္ကသိုလ်တစ်ခု၏ သုတေသနအခြေခံဖြစ်မှုကို ဆုံးဖြတ်ရာတွင် ကျောင်းသား ကျောင်းသူဦးရေထက် သုတေသနနှင့် ဖွံ့ဖြိုးရေးအသုံးစရိတ်ကို ကြည့်ခြင်းက ပိုမိုအသုံးဝင်ပါသည်။ ဤတက္ကသိုလ်၏ ၂၀၂၄ ခုနှစ် သုတေသနအသုံးစရိတ်သည် ခန့်မှန်းအားဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၄၅ သန်းခန့် ရှိပါသည်။ အလွန်စိတ်ဝင်စားစရာကောင်းသည်မှာ ကျောင်းသား ကျောင်းသူ ၂၄၀၀ ခန့်သာရှိသော်လည်း သုတေသနစရိတ် အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၄၅ သန်းခန့် အသုံးပြုနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သုတေသနစွမ်းရည်သည် တက္ကသိုလ်အရွယ်အစားနှင့် မတူညီသော အယူအဆဖြစ်သည်ဟု ဆိုနိုင်ပါသည်။




အိန္ဒိယနိုင်ငံစိုက်ပျိုးရေးသုတေသနကောင်စီ။

**(ခ-၈) ကယ်လ်တက်ရှ်တွင် အကြီးစားသုတေသန အထောက်အပံ့များစွာရှိနေခြင်း**

ဤတက္ကသိုလ်၏ သုတေသနလုပ်ငန်းများသည် မူလ ပါစာဒီနားနယ်မြေ တစ်ခုတည်းတွင်သာ ကန့်သတ်ထားခြင်း မရှိပါ။ အရေးကြီးသော သုတေသန အဆောက်အဦ၊ ဓာတ်ခွဲခန်းနှင့် သုတေသန အဖွဲ့အစည်းများတွင် ဖြန့်ဝေ၊ ဆောင်ရွက်နေပါသည်။ ဥပမာ –

(ခ-၈-၁) ဂျက်လေယာဉ်တွန်းကန်မှု ဓာတ်ခွဲခန်း (Jet Propulsion Laboratory – JPL) – Caltech သည် NASA အတွက် Jet Propulsion Laboratory (JPL) ကို စီမံခန့်ခွဲလည်ပတ်ပေးနေပါသည်။

*စာမျက်နှာ ၁၁ သို့*

**❝ စိုက်ပျိုးမွေးမြူရေး အခြေပြုနိုင်ငံများတွင် တက္ကသိုလ်အများစုက စိုက်ပျိုး၊ မွေးမြူထုတ်ကုန်များ အရည်အသွေးမြင့်တိုးတက်ထုတ်လုပ်ရုံသာမက နိုင်ငံတကာဈေးကွက်တွင် မိမိနိုင်ငံ ထုတ်ကုန်များစွာရောင်းချနိုင်ရန်၊ နိုင်ငံတကာယုံကြည်မှု ပိုမိုရရှိနိုင်ရန် စိုက်ပျိုးမွေးမြူရေးသိပ္ပံသုတေသန (Crop and Livestock/Farm Animal Science Research)များသာမက ဆက်စပ်ပညာရပ်များဖြစ်သော စိုက်ပျိုးစီးပွားရေး၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ အစားအစာသိပ္ပံနှင့်နည်းပညာ၊ တောင်သူပညာပေးနှင့် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာပညာရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာ စသည့်ပညာရပ်များ၏ သုတေသနများစွာကို စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တက္ကသိုလ်များသာမက စီးပွားရေး၊ ပညာရေး၊ အင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ်များက ပူးပေါင်းလုပ်ဆောင်ရန်လိုပါလိမ့်မည်။ ပုံမှန်စာသင်၊ စာမေးပွဲစစ်၊ ဘွဲ့ဒီဂရီပေးရုံသာမက ကယ်လ်တက်ရှ်ကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး သုတေသနနှင့် အသုံးချသုတေသန များစွာဆောင်ရွက်ရပါမည် ❞**

# မေတ္တာပြည့်ဝ အခါသမယ

❏ ပြည်သာဝတ္ထိ ကျောင်းတော်ရှိရာ
ဇေတဝန်သာဝယ် မြတ်စွာဘုရား
ဟောကြားကမ္မဋ္ဌာန်း ဆင်မြန်းပြီးသော်
ရဟန်းတော်ငါးရာ ထွက်ခွာချက်ချင်း
တောအုပ်တွင်း၌ ထိုးထွင်းကျင့်ကာ
ဝိပဿနာပွား ကြိုးစားအားထုတ်
တရားအလုပ်ကြောင့် တောအုပ်နေငြား
နတ်အများတို့ ခံစားမနိုင်
တူပြိုင်ခြိမ်းခြောက် နေရာပျောက်ခဲ့။
❏ ရဟန်းငါးရာ တောမြိုင်သာမှ
ပြန်ကာကြွချီ ဗုဒ္ဓဆီသို့
စုံညီဇာတ်ပေါင်း နှောင့်ယှက်ကြောင်းကို
ပြန်ပြောင်းလျှောက်ထားဖြစ်ရပ်များ။
❏ ဘုရားမြတ်စွာ မိန့်တော်မှာသည်
ကြည်သာရွှင်ပြ ပို့သမေတ္တာ
ဒေဝါနတ်များ သိစေသားဟု
နှုတ်ဖျားသံချို ရွတ်ကာဆိုလေ့
ကိုယ်စီမေတ္တာ ထားရှိပါက
ဘယ်မှာရန်ဘေးရှိအံ့နည်း။
❏ ရဟန်းငါးရာ ပြန်လာမူလ
တောတွင်းကျသော် ရွတ်ကြဂါထာ
ထိုမေတ္တာနှင့် ကောင်းကျင့်ကောင်းကြံ
ပို့သမှန်ကြောင့် ပြန်လှန်ချစ်ခင်
ပျော်ရွှင်နတ်ပေါင်း စိတ်ပြောင်းသွားကာ
ချောက်ချားအမှု ဖယ်ခွာပြုခဲ့။
❏ မေတ္တာတန်ခိုး သူ့တန်ဖိုးကြောင့်
ဖြောင့်စွာကျင့်သွား ရဟန်းများလည်း
စိတ်ထားမြင့်မြတ် မေတ္တာဓာတ်ဖြင့်
မြိုင်ရပ်တောတွင် ကျင့်စဉ်ပြီးမြောက်
ဝါခေါင်ရောက်တိုင် တောရပ်မြိုင်မှာ
ကျင့်နိုင်ဝါတွင်း အောင်မြေနင်းခဲ့။
❏ ထိုသို့ဖော်ထုတ် မေတ္တာသုတ်ကြောင့်
ဟုတ်မှန်လမ်းသိ ပစ္စိမဝါ
ကပ်ကြရှာသား ရဟန်းများ၏
ထင်ရှားဂုဏ်မြူး မေတ္တာထူးကို
ဖော်ကျူးပါရ ခါသမယသည်
ကြီးစွ မေတ္တာနေ့ထူးတည်း။

ဘိုမျိုး(ရွှေဘို)

## ကျောက်တန်းမြို့နယ်၌ အခြေခံစက်ချုပ် သင်တန်းဆင်းပွဲကျင်းပ

**ကျောက်တန်း ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ သန်လျင်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းအစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သော အခြေခံစက်ချုပ် သင်တန်းဆင်းပွဲကို ဩဂုတ် ၂၄



ရက်က ညောင်ဝိုင်းကျေးရွာ၌ ကျင်းပရာ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးအောင်မြင့်က သင်တန်းဆင်း အမှာစကား ပြောကြားကာ သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က ဆုရ သင်တန်းသူအား လုပ်ငန်းသုံး ပစ္စည်းများပေးအပ်ပြီး ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်ဆွေဇင်အေးက သင်တန်း ထွက်ကုန်ပစ္စည်းများ ပေးအပ်သည်။ **သန့်ဇင်ထွန်း**

## မိုင်းဆတ်မြို့၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းဆတ် ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုအသိပညာ ပေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ကျဒယ်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ခန်းမ၌ ပြုလုပ်ရာ အမှတ်(၃) လူကုန်ကူး မှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (မိုင်းဆတ်)မှ ဒုတိယရဲမှူး လှဘုန်းက ကလေးသူငယ်အခွင့် အရေး(၄)ရပ်၊ ကလေးသူငယ်များ တွင် ထိတွေ့ကိုင်တွယ်ခွင့်မရှိ



သည့်နေရာ (၄)မျိုး၊ ကလေး သူငယ် ဥပဒေပုဒ်မ ၆၄ (က/ခ) ပါအချက်များ၊ ကလေးသူငယ် များနှင့် ပတ်သက်၍ လူကုန်ကူးမှု အင်္ဂါရပ် (၃) ရပ်တွင် ထည့်သွင်း စဉ်းစားသည့် အချက်များနှင့် ဆောင်ရန်/ရှောင်ရန် အချက် များကို ရှင်းလင်းဟောပြောပြီး အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေး သည်။

မြင့်မိုရ်(တာချီလိတ်)

## နေပြည်တော်မြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ဇနေပြည်တော် ဩဂုတ် ၂၆**

ပုဗ္ဗ/ဇမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ၏ ကြီးကြပ်မှု၊ မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေး ကော်မ တီ၏ ဦးဆောင်မှုဖြင့် ဒေသခံ ဆန်စက်လုပ်ငန်းရှင်များ၊ မွေးမြူ ရေးလုပ်ငန်းရှင်များနှင့် ဆီ လုပ်ငန်းရှင်များ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက အမှတ်(၇) ရပ်ကွက် ရတနာသီရိလမ်း



မြို့မ ဈေးအနီး၌ ဆန်ငါးအိတ်၊ ပိဿာ၊ ငါးမြစ်ချင်း ၁၀ ပိဿာ စားအုန်းဆီ ပိဿာ ၁၁၀၊ ဘဲဥ အလုံးရေ ၅၀၀၊ ကြက်ဥ အလုံးရေ ၇၀၀၊ ကြက်သား ၁၀ ပိဿာ၊ ငါးမြစ်ချင်း ၁၀ ပိဿာ တို့ကို သက်သာသော ဈေးနှုန်း များဖြင့် ရောင်းချပေးခဲ့သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ခန္တီးမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**ခန္တီး ဩဂုတ် ၂၆**

ခန္တီးမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် စီမံကိန်းမိတ် ဆက်ခြင်းနှင့် ကော်မတီအဖွဲ့ ဖွဲ့စည်းခြင်းကို ယမန်နေ့က ရပ်နားကျေးရွာ၌ ပြုလုပ်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်က လုပ်ငန်းစီမံ ကိန်းဆောင်ရွက်ခြင်း ရည်ရွယ် ချက်ကို ပြောကြားခဲ့သည်။ ထို့နောက် စီမံကိန်းတာဝန်ခံ များက စီမံကိန်းနှင့်ပတ်သက်၍ မိတ်ဆက် ရှင်းလင်းခြင်း၊ ကော်မ တီဖွဲ့စည်းခြင်း၊ အကောင် အထည်ဖော်ခြင်းများနှင့် ပတ် သက်၍ ရှင်းလင်း ပြောကြားပြီး လုပ်ငန်းအဖွဲ့များကို ရွေးချယ် ဖွဲ့စည်းပေးခဲ့သည်။ ရပ်နား ကျေးရွာအတွင်း လမ်းအရှည် ပေ ၁၅၀၀၊ အကျယ်ရှစ်ပေနှင့် ဒု ခြောက်လက်မကို ရန်ပုံငွေကျပ် သိန်း ၁၅၀ဖြင့် ဆောင်ရွက်သွား မည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

(ခ-၈-၂) ပါဆိုမာနက္ခတ်တာရာ၊ မိုးလေဝသ လေ့လာရန် သီးသန့်အဆောက်အအုံ (Palomar Observatory)၊ နက္ခတဗေဒ (Astronomy)နှင့် ကောင်းကင်ဆိုင်ရာရူပဗေဒ (Astrophysics) သုတေသနများအတွက် အရေးပါသော ဓာတ်ခွဲခန်း၊ သုတေသနအဆောက်အအုံများ(Observatory) ရှိနေပါသည်။

(ခ-၈-၃) ကက်သုတေသနအဆောက်အအုံ (W. M. Keck Observatory) ကမ္ဘာ့အရေးပါသော နက္ခတ သုတေသန (Astronomical Research Facility) တစ်ခုဖြစ်ပါသည်။

(ခ-၈-၄) လေဆာသုတေသနအဆောက်အအုံ(LIGO–Laser Interferometer Gravitational – Wave Observatory)သည် မြေဆွဲအားလှိုင်းများ (Gravi–tational Waves)များကို ရှာဖွေသည့် ကမ္ဘာ့အဆင့် သုတေသနလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ဤတက္ကသိုလ်၏ သုတေသနညွှန်းကိန်းပြမှု (Research Impact)သည် ကျောင်းသား ကျောင်းသူ ဦးရေထက် အလွန်ကျော်လွန်နေပါသည်။

**(ခ-၉) နိုဘယ်ဆု (Nobel Prize) နှင့် အခြားသုတေသနဆု (Research Awards) များစွာရရှိနေခြင်း**

ဤတက္ကသိုလ်၏ သုတေသနအောင်မြင်မှု စွမ်းရည် (Research Reputation) ကို အပြည့်ပြည့်ဆိုင်ရာ ဆုတံဆိပ်များမှလည်း တွေ့မြင်နိုင်ပါသည်။ ယင်း၏ သုတေသနသမိုင်းမှတ်တမ်းများအရ နိုဘယ်ဆုရှင် ၄၈ ဦး၊ အမျိုးသားသုတေသန ဆုတံဆိပ်ရရှိသူများ၊ အမျိုးသားအဆင့် တီထွင်မှုနှင့် နည်းပညာဆု တံဆိပ်ရရှိသူများ၊ အမျိုးသားအဆင့် ကမ္ဘာကျော်ပညာရှင်အဖွဲ့ဝင်များ အများအပြားရှိပါသည်။

ဤအချက်သည် ကျောင်းသားဦးရေ နည်းပါးသော်လည်း ကမ္ဘာ့သိပ္ပံနှင့် နည်းပညာအပေါ် သုတေသန သက်ရောက်မှု အလွန်ကြီးမားကြောင်း ပြသပါသည်။

### စာရေးသူ၏အတွေး

စိုက်ပျိုးမွေးမြူရေး အခြေပြုနိုင်ငံများတွင် တက္ကသိုလ်အများစုက စိုက်ပျိုး၊ မွေးမြူထုတ်ကုန်များ အရည်အသွေးမြင့်တိုးတက်ထုတ်လုပ်ရုံသာမက နိုင်ငံတကာဈေးကွက်တွင် မိမိနိုင်ငံ ထုတ်ကုန်များစွာရောင်းချနိုင်ရန်၊ နိုင်ငံတကာယုံကြည်မှု ပိုမိုရရှိနိုင်ရန် စိုက်ပျိုးမွေးမြူရေးသိပ္ပံသုတေသန (Crop and Livestock/Farm Animal Science Research) များသာမက ဆက်စပ်ပညာရပ်များဖြစ်သော စိုက်ပျိုးစီးပွားရေး၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ အစားအစာသိပ္ပံနှင့်နည်းပညာ၊ တောင်သူပညာပေးနှင့် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ပညာရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာ စသည့်ပညာရပ်များ၏ သုတေသနများစွာကို စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တက္ကသိုလ်များသာမက စီးပွားရေး၊ ပညာရေး၊ အင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ်များက ပူးပေါင်းလုပ်ဆောင်ရန်လိုပါလိမ့်မည်။ ပုံမှန်စာသင်၊ စာမေးပွဲစစ်၊ ဘွဲ့ဒီဂရီပေးရုံသာမက ကယ်လ်တက်ရှ်ကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး သုတေသနနှင့် အသုံးချသုတေသနများစွာဆောင်ရွက်ရပါမည်။

**အိန္ဒိယနိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးသုတေသနကောင်စီတစ်ခုတည်းက** ဘွဲ့လွန်ပညာများ သင်ကြား၊ သုတေသနဆောင်ရွက်မှုများကို နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်အလိုက် နှစ်စဉ်ကြီးကြပ်၊ လမ်းညွှန်ပေးလျှင်ကောဟူ၍ အတွေးတစ်စအနေဖြင့် ရေးသားလိုက်ရပါသည်။ ။

# အေအိုင်နှင့် ကျွန်တော် (၁၇)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ(AI)က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အေအိုင်ကို မိန့်ခွန်းမူကြမ်းပြုစုခိုင်းခြင်း၊ ဒီဇိုင်းရေးဆွဲခိုင်းခြင်း၊ ပန်းချီရေးဆွဲခိုင်းခြင်း၊ စာတမ်းပြုစုခိုင်းခြင်း၊ သိလိုသည်များ မေးမြန်းခြင်း စသည်ဖြင့် ကျွန်တော်ကိုယ်တိုင် နေ့စဉ်အကျွမ်းတဝင်အသုံးပြုဖြစ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့် သုတေသနဆိုင်ရာ မေးခွန်းနှင့် ပတ်သက်၍ အဖြေကို ဤသို့ မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း။** သုတေသနတွေ ကမ္ဘာအားလုံးမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ဖို့ ပညာရှင်တွေ၊ ငွေကြေးတွေ၊ အားပေးမြှင့်တင်မှုတွေအပြင် အကျိုးရှိတဲ့၊ အောင်မြင်တဲ့ သုတေသနရလဒ်တွေ ရရှိဖို့ ဘာတွေလိုအပ်သလဲ။

**အဖြေ။** သုတေသနကဏ္ဍ အသီးသီးတွင် အကျိုးရှိပြီး အောင်မြင်သော သုတေသနရလဒ်များ ထွက်ပေါ်လာစေရန် ပညာရှင်၊ ဘဏ္ဍာငွေနှင့် ပံ့ပိုးကူညီမှုများအပြင် အောက်ပါအရေးကြီးသော လိုအပ်ချက်နှင့် အခြေခံအချက်အလက်များ ပြည့်စုံရန် လိုအပ်ပါသည်။

**၁။ ခိုင်မာသော မူဝါဒနှင့် ပန်းတိုင် (Clear Policy Framework & Vision)**

- **အမျိုးသားအဆင့် ဦးစားပေးစနစ်။** တိုင်းပြည် သို့မဟုတ် လူ့အဖွဲ့အစည်းအတွက် တကယ်တမ်းလိုအပ်နေသော ပြဿနာများကို ဖြေရှင်းနိုင်မည့် ဦးစားပေးသုတေသနနယ်ပယ်များကို တိကျစွာ သတ်မှတ်ထားခြင်း။
- **ရေရှည် မဟာဗျူဟာ။** ခေတ္တခဏ မူဝါဒ မဟုတ်ဘဲ နှစ်ပေါင်းများစွာ စနစ်တကျ ဆက်လက်အကောင်အထည်ဖော်နိုင်သည့် မူဝါဒခိုင်မာမှု။

**၂။ သုတေသန အခြေခံအဆောက်အအုံနှင့် နည်းပညာ (Infrastructure & Technology)**

- **ခေတ်မီ ဓာတ်ခွဲခန်းများနှင့် ကိရိယာများ ။** ထိရောက်ပြီး တိကျသော စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် ခေတ်မီနည်းပညာ၊ ဓာတ်ခွဲခန်းများ၊ ကိရိယာများနှင့် စက်ပစ္စည်းများ စုံလင်စွာ ရှိနေခြင်း။
- **ဒေတာ အရင်းအမြစ်နှင့် ရယူနိုင်မှု ။** ခိုင်မာသေချာသော အချက်အလက် (Data) များ၊ စာကြည့်တိုက်များ၊ ဂျာနယ်များနှင့် သုတေသန အချက်အလက်ဘဏ်များကို လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သည့် အခွင့်အလမ်း။

**၃။ ပူးပေါင်းဆောင်ရွက်မှု ကွန်ရက် (Collaboration & Networking)**

- **Multi-disciplinary Approach ။** ဘာသာရပ်တစ်ခုတည်း မဟုတ်ဘဲ မတူညီသော နယ်ပယ်အသီးသီးမှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်း။
- **သုတေသနနှင့် စက်မှုဇုန်/ပြင်ပလောက ချိတ်ဆက်မှု (Academic-Industry Linkage) ။** သုတေသနရလဒ်များကို စာရွက်ပေါ်တွင်တင်မထားဘဲ အမှန်တကယ် ထုတ်လုပ်မှုနှင့် လူမှုစီးပွားဘဝတွင် အသုံးချနိုင်ရန် ပြင်ပအဖွဲ့အစည်း၊ လုပ်ငန်းရှင်များနှင့် နီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်ခြင်း။

**၄။ ပညာရေးနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ ဝန်းကျင် (Intellectual Freedom & Culture)**

- **လွတ်လပ်စွာ တွေးခေါ်နိုင်ခွင့် ။** နိုင်ငံရေး သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ဖိအားများမပါဘဲ သုတေသနကို လွတ်လပ်စွာ သုံးသပ်စုံစမ်းခွင့် (Academic Freedom)။
- **ကျရှုံးမှုကို လက်ခံနိုင်သော ယဉ်ကျေးမှု ။** သုတေသနဆိုသည်မှာ စမ်းသပ်မှုဖြစ်၍ ကျရှုံးခြင်းကို တီထွင်ဖန်တီးမှု၏ သင်ခန်းစာအဖြစ် လက်ခံပေးနိုင်သော အသိုင်းအဝိုင်း။

**၅။ သုတေသန ကျင့်ဝတ်နှင့် စံချိန်စံညွှန်း (Research Ethics & Integrity)**

- **ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများ။** သုတေသန ပြုလုပ်ရာတွင် တိကျမှန်ကန်မှု၊ ရိုးသားမှုနှင့် သဘာဝပတ်ဝန်းကျင်/လူသားတို့၏ ဘေးအန္တရာယ်မဖြစ်စေရန် ထိန်းကျောင်းပေးမည့် သုတေသနကျင့်ဝတ်များ။
- **Peer Review စနစ် ။** သုတေသနရလဒ်များကို အကဲဖြတ်စစ်ဆေးပေးမည့် ခိုင်မာသော ပညာရှင်အကဲဖြတ်မှုစနစ် (Peer Review)။

**၆။ မူပိုင်ခွင့်နှင့် ထောက်ပံ့မှု မူဝါဒများ (Intellectual Property Rights)**

- **မူပိုင်ခွင့် အကာအကွယ် ။** သုတေသနပြုသူများ၏ တွေ့ရှိချက်များကို မူပိုင်ခွင့် (Patent/Copyright) များဖြင့် တိကျစွာ အကာအကွယ်ပေးထားခြင်းဖြင့် တီထွင်ဖန်တီးသူများအား စိတ်အားထက်သန်မှု တိုးတက်စေခြင်း။

ဤအချက်အလက်များ စနစ်တကျ ပေါင်းစပ်ပါဝင်မှသာလျှင် သုတေသနများမှတစ်ဆင့် လူမှုဘဝနှင့် နိုင်ငံတိုးတက်ရေးအတွက် တကယ့်အကျိုးရှိသော ရလဒ်များ ရရှိလာမည်ဖြစ်ပါသည်။

## တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ သုံးဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေတဲများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြမြေပုံ။

နေပြည်တော် ဩဂုတ် ၂၆

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် နယ်စပ်ဒေသများတွင် အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ သုံးဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

**ဖမ်းဆီးရမိ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သူများသည် ယာယီလူနေတဲများ ဆောက်လုပ်၍ အခြေပြုခိုအောင်း လုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိ ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက သတင်းကွင်းဆက်ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မိုင်းရယ်မြို့၏ အရှေ့တောင်ဘက် မီတာ ၂၆၀၀၀ ခန့်အကွာ မန်ဖိုင်ကျေးရွာ၏ တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား သုံးဦးတို့အား အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ ၅၀၊ အနံ ၂၀ ထရံကာသွပ်မိုး အဆောက်အအုံ တစ်လုံး၊ ယာယီရွက်ဖျင်တဲ ငါးလုံး၊ ဖုန်းမျိုးစုံ ၂၅ လုံး၊ All In One ကွန်ပျူတာ ငါးလုံး၊ Power Station နှစ်လုံး၊ Star Link တစ်လုံး၊ စကားပြောစက် ၁၀ လုံး၊ အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများအား စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည် ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင် ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံး တဲများကိုလည်း စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ် တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လူနေတဲများနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား သုံးဦးအား တွေ့ရစဉ်။

❑ *ကျော့ဖုံးမှ*

ယနေ့ပွဲစဉ်၌ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး)သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့်စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ *ကျော့ဖုံးမှ*

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား ၄၈ ကီလိုဝိတ်တန်းတွင် နော်ရိန်အောင်(MBC)က လင်းခန့်ကိုကို (ပြည်ထဲရေး)ကိုလည်းကောင်း၊ ခန့်ဖြိုးကျော်(တောင်ဥက္ကလာ)က မျိုးမင်းထွန်း(MAF)ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

၅၁ ကီလိုဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြည့်ဖြိုးမောင်(ကျားမနိုင်)က သိန်းကိုကိုစိုး(ပြင်ပ) ကိုလည်းကောင်း၊ ဖိုးလပြည့်(ပြည်ထဲရေး)က စိုင်းသူရကျော်(ရန်ကြီးအောင်)ကိုလည်းကောင်း၊ ဉာဏ်လင်းထက်(MBC)က လွှမ်းပိုင်(ကျိုက္ကလှဲ့/ရွှေကျင်)ကိုလည်းကောင်း၊ ခန့်ဇော်သူ(တောင်ဥက္ကလာ) က သော်ဇင်ဦး(ဗလကြီး)ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

၅၄ ကီလိုဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် မျိုးမြတ်(MBC)က ဥက္ကာမိုးအောင်(သန်လျင်)ကိုလည်းကောင်း၊ ဘုန်းမြင့်မိုရ်ထွန်း(Paing Club)က ကျော်ကျော်ဆွေ(ကျိုက္ကလှဲ့/ရွှေကျင်)ကိုလည်းကောင်း၊ ဇော်ထက်အောင်(MAF) က ဟိန်းမြတ်မင်း(ZEAL) ကိုလည်းကောင်း၊ ဇော်ဒူလ(Python တော်ဝင်ရော)က ထက်နိုင်အောင်(ပြည်ထဲရေး) ကိုလည်းကောင်း အနိုင်ရရှိသည်။

၅၇ ကီလိုဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဇမဲထန်(Paing Club) က ဝေယံဦး(MBC) ကိုလည်းကောင်း၊ လင်းလင်းထွန်း(ANP)က စောထူးဒဲမူး(ပြည်ထဲရေး)ကိုလည်းကောင်း၊ ကျော်စွာမင်း(ကျိုက္ကလှဲ့/ရွှေကျင်) က ဟန်ထွဋ်မင်း(Northern Star)ကိုလည်းကောင်း၊ ကျော်မင်းလွင်(ZEAL)က ရှိုင်းမင်းထွန်း (Python တော်ဝင်ရော) ကိုလည်းကောင်း အနိုင်ရရှိသည်။



၆၀ ကီလိုဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် မိတုံထွယ်ရောင်(Python တော်ဝင်ရော)က နိုင်းထန်(ကျားမနိုင်) ကိုလည်းကောင်း၊ လင်းခန့်မောင်မောင်(ပြည်ထဲရေး)က အောင်မင်းခန့်(Northern Star) ကိုလည်းကောင်း၊ သက်မောင်မောင်(ANP)က ပြည့်စုံဦး(ကျိုက္ကလှဲ့/ရွှေကျင်)ကိုလည်းကောင်း၊ ဇော်လင်းထွေး(MAF)က ရဲထက်ပိုင်(MBC) ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ၆၃ ဒသမ ၅ ကီလိုဝိတ်တန်းတွင် လုံဂျုံရိန်ကြွယ်နော် (Python တော်ဝင်ရော)က တူးကို(ကျိုက္ကလှဲ့/ရွှေကျင်) ကိုလည်းကောင်း၊ ဒီပ(Paing Club)က သီဟ(ပြည်ထဲရေး)ကိုလည်းကောင်း၊ ၆၇ ကီလိုဝိတ်တန်းတွင် နေခန့်နိုင် (Python တော်ဝင်ရော) က ဇော်မျိုးလင်းထွန်း(Focus Power)ကိုလည်းကောင်း၊ ဝေယံ(MAF) က နေမျိုးထွန်း(Paing Club)ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ–YGB**

---

❍ *ကျော့ဖုံးမှ*



ရောင်းချပြီးနောက် ဘူအာဒီကို အီတီဟတ်သို့ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မိုရိုကိုအသင်း ယှဉ်ပြိုင်ကစားခဲ့သည့် ခြောက်ပွဲတွင် ငါးပွဲအထိ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ ၎င်းသည် ၂၀၂၃ ခုနှစ်က လိုင်လီအသင်းအတွက် ပွဲဦးထွက်ကစားခွင့်ရရှိပြီးနောက် အသင်းအတွက် ပြိုင်ပွဲစုံ ၉၆ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။ ထို့ပြင် ၎င်းသည် ပြီးခဲ့သည့် လီဂူးဝမ်းရာသီပိတ်သိမ်းချိန်တွင် လိုင်လီအသင်းကို အဆင့်(၃)နေရာတွင် ရပ်တည်နိုင်အောင်ကူညီပေးထားနိုင်သည်။ **အောင်ဇော်**

---

❂ *ကျော့ဖုံးမှ*

ဂိုးသမား ချတ်ချိုင်ဘုဒ်ပရွမ်နှင့် နာကျင်အချိန်ပို ၉၀+၃ မိနစ်တွင် ဝမ်ချိုင်တို့၏ ကိုယ့်ဂိုးကို ပြန်သွင်းမှုများကြောင့် ၂–၂ ဂိုးဖြင့်သရေကျခဲ့ပြီး ဗီယက်နမ်အသင်း အိမ်ကွင်း၌ ချန်ပီယံဆုဖလား မြှောက်ကိုင်နိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်မှာ လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် ပြိုင်ပွဲ၏ အအောင်မြင်ဆုံး ထိုင်းအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ရာ နှစ်ဖက်အပြန်အလှန်အကြိတ်အနယ်ရှိခဲ့သည်။ ပထမပိုင်းတွင် ထိုင်းအသင်းက ဖိအားပေးကစားပြီး တစ်ဂိုး – ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းက ကစားကွက်ပြောင်းကာ တန်ပြန်တိုက်စစ်များဖြင့် ထိုင်းအသင်းကို ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။

ဗီယက်နမ်အသင်းသည် ၂၀၀၈၊ ၂၀၁၈၊ ၂၀၂၄ ခုနှစ်တို့တွင် ချန်ပီယံဖြစ်ခဲ့ပြီး ယခု Hyundai Cup 2026 ဗိုလ်လုပွဲတွင် အနိုင်ရရှိခဲ့သည့်အတွက် စတုတ္ထအကြိမ်မြောက် အာဆီယံချန်ပီယံဖြစ်လာခဲ့သည်။ အဆိုပါ အောင်မြင်မှုနှင့်အတူ နှစ်ကြိမ်ဆက် (Back–to–Back) အာဆီယံချန်ပီယံဆုကို မြှောက်ကိုင်နိုင်ခဲ့သည့် အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ–AFF**

---

❖ *ကျော့ဖုံးမှ*

အဆိုပါပွဲစဉ်များအနက် အမှတ်ပေးဇယားထိပ်ဆုံးမှ Pacific Sun Far FC အသင်းနှင့် ဒုတိယနေရာမှ MIU FC အသင်းတို့ယှဉ်ပြိုင်ကစားရာ Pacific Sun Far FC အသင်းက ငါးဂိုး – တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိကာ ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁) နေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အခြားပွဲစဉ်များတွင် ULAD FC အသင်းက Shwe Pyi Thar United FC အသင်းကို ၁၂ ဂိုး – ဂိုးမရှိဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သလို YRG FC အသင်းက United City FC အသင်းကို ကိုးဂိုး – နှစ်ဂိုး၊ YCDC Dream Team FC အသင်းက Gold Dream FC အသင်းကို ငါးဂိုး – နှစ်ဂိုး၊ JV FC အသင်းက Royal NOKA FC အသင်းကို သုံးဂိုး – တစ်ဂိုးနှင့် မင်္ဂလာဒုံစီးတီးအသင်းက Burmese Warriors FC အသင်းကို ခြောက်ဂိုး – နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ပွဲစဉ်(၉)အပြီး အမှတ်ပေးဇယားရပ်တည်မှုများအရ Pacific Sun Far FC အသင်းက ကိုးပွဲကစား ကိုးပွဲနိုင် ရမှတ် ၂၇ မှတ်ဖြင့် ဇယားထိပ်ဆုံးမှ ဦးဆောင်နေသည်။ MIU FC အသင်း၊ YCDC Dream Team FC အသင်းနှင့် YRG FC အသင်းတို့က ခုနစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၂၂ မှတ်စီဖြင့် အဆင့်(၂)၊ (၃)နှင့် (၄)နေရာတို့တွင် အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

ULAD FC အသင်းက ၆ ပွဲနိုင်၊ ၃ ပွဲရှုံး၊ ရမှတ် ၁၈ မှတ်ဖြင့် အဆင့်(၅)၊ JV FC အသင်းက ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ် ၁၆ မှတ်ဖြင့် အဆင့် (၆)၊ Gold Dream FC အသင်းက ငါးပွဲနိုင်၊ လေးပွဲရှုံး၊ ရမှတ် ၁၅ မှတ်ဖြင့် အဆင့်(၇)၊ United City FC အသင်းနှင့် Royal NOKA FC အသင်းတို့က နှစ်ပွဲနိုင်၊ ခုနစ်ပွဲရှုံး၊ ရမှတ် ခြောက်မှတ်စီဖြင့် အဆင့်(၈)နှင့် (၉) နေရာတို့တွင် အသီးသီးရပ်တည်နေကြသည်။

အမှတ်ပေးဇယား အောက်ဆုံးအသင်းများဖြစ်သည့် မင်္ဂလာဒုံစီးတီးအသင်းနှင့် Shwe Pyi Thar United FC အသင်းတို့က တစ်ပွဲနိုင်၊ ရှစ်ပွဲရှုံး၊ ရမှတ် သုံးမှတ်စီဖြင့် အဆင့်(၁၀)နှင့် (၁၁)နေရာတို့တွင် ရပ်တည်ခဲ့ပြီး Burmese Warriors FC အသင်းက ကိုးပွဲလုံးရှုံးနိမ့်ကာ ရမှတ်မရရှိသေးဘဲ အဆင့် (၁၂) နေရာ၌ ရပ်တည်ခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ–MFF**

---

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

---

## (၂၆-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၆ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၇.၁ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၃၇၃,၁၈၅.၅၅ | ၃,၂၅၈,၉၃၄.၀၀ | ၄၃,၃၅၄,၄၇၁.၈၅ | – |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံး ကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာနှင့် ပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

---

## အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများ လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၆

အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေပုတ်ကျေးရွာနေ အမျိုးသမီးတစ်ဦးကို တစ်ရွာတည်းနေ မျိုးမင်းဟိန်း(ခ)မျိုးကျော်(ခ)ဟိန်းကိုနှင့် ဇနီးဖြစ်သူ မေသကြဲန်မိုး (ခ) သကြဲန်တို့က တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားဆောင်ရွက်ပါက တစ်နှစ်လျှင် ငွေကျပ်သိန်း ၇၀ ရရှိမည်၊ လမ်းစရိတ်ကုန်ကျခံပေးမည်၊ လမ်းခရီးတွင် ဆက်သွယ်ရန် ဖုန်းဝယ်ပေးမည်ဟု လိမ်လည်ပြောဆိုစည်းရုံးပြီး မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် မြစ်ငယ်နယ်မြေရဲစခန်း(ပ)၇၁/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင် အမရပူရခရိုင်တရားရုံးက ဖမ်းမိတရားခံ မျိုးမင်းဟိန်း(ခ)မျိုးကျော်(ခ)ဟိန်းကိုနှင့် မေသကြဲန်မိုး(ခ)သကြဲန်တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့နေ အမျိုးသမီးနှစ်ဦးကို တစ်မြို့တည်းနေ ဒေါ်ခင်ခင်အေး က တရုတ်အမျိုးသားနှင့်လက်ထပ်ပါက ငွေကျပ်သိန်း ၇၀ ရရှိမည်၊ တစ်နှစ်ပေါင်းသင်းရမည်၊ ကလေးမွေးပေးရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံနေ မစံအေးနုနှင့်ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာစဉ် စစ်တွေလေဆိပ်၌ ဖမ်းဆီးရရှိခဲ့သဖြင့် စစ်တွေမြို့မရဲစခန်း (ပ)၁၂၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၂ ရက်တွင် စစ်တွေခရိုင်တရားရုံးက ဖမ်းမိတရားခံ ဒေါ်ခင်ခင်အေးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မစံအေးနုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပနားမား၌ အယ်လ်နီညိုသက်ရောက်မှုများအတွက် တစ်နိုင်ငံလုံးဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာ

ပနားမားစီးတီး ဩဂုတ် ၂၆

အယ်လ်နီညို (El Nino) ရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရိုက်ခတ်မှုများ၊ မိုးခေါင်ရေရှားမှုနှင့် ရေကြီးရေလျှံမှုတို့အပြင် ပနားမားတူးမြောင်း ရေကြောင်းပို့ဆောင်ရေး၊ စိုက်ပျိုးရေးနှင့် စွမ်းအင်ထောက်ပံ့မှုတို့အပေါ် သက်ရောက်နိုင်မှုများကို အကြောင်းပြု၍ ပနားမားအစိုးရက ဩဂုတ် ၂၅ ရက်တွင် တစ်နိုင်ငံလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ပနားမားမိုးလေဝသနှင့်ဇလဗေဒအဖွဲ့အစည်း (IMHPA) ၏ ခန့်မှန်းချက်အရ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ယခုနှစ် အောက်တိုဘာလမှ လာမည့်နှစ် မတ်လအထိ ပိုမိုအားကောင်းလာနိုင်ပြီး အချို့ဒေသများတွင် မိုးရေချိန် ပုံမှန်အောက်လျော့နည်းနိုင်ကြောင်း၊ ၎င်း၏ရိုက်ခတ်မှုများမှာ မေလအထိ ဆက်လက်ရှိနေနိုင်ကြောင်း ဖော်ပြထားသည်။

အပူချိန်မြင့်မားခြင်းနှင့် မိုးရေချိန်လျော့နည်းခြင်းတို့က ရေအရင်းအမြစ်ပြတ်လပ်မှုများကိုဖြစ်စေကာ စိုက်ပျိုးရေးထုတ်လုပ်မှုများကို ထိခိုက်စေနိုင်ကြောင်း သိရသည်။ ထို့ပြင် မိုးခေါင်ရေရှားမှုကြောင့် မြစ်များ၊ အင်းအိုင်များ၊ ရေလှောင်တမံများတွင် ရေမျက်နှာပြင် နိမ့်ကျသွားနိုင်ပြီး ပနားမားတူးမြောင်းကို ဖြတ်သန်းသွားမည့် သင်္ဘောများအတွက် ခြိမ်းခြောက်မှု ဖြစ်လာနိုင်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်မှုကိုလည်း ထိခိုက်စေနိုင်ကြောင်း အစိုးရက သတိပေးထားသည်။

အယ်လ်နီညိုကြောင့် ယခုနှစ် ဇန်နဝါရီလမှစတင်ကာ နိုင်ငံတစ်ဝန်း လူပေါင်း ၁၀၀၀၀ ကျော် ထိခိုက်ခံစားခဲ့ကြရကြောင်း ပနားမား အရပ်ဘက်ကာကွယ်ရေးစနစ် ညွှန်ကြားရေးမှူးချုပ် အိုမာစမစ်က ပြောကြားသည်။

ဆင်ဟွာ



# အာကာသယာဉ်လွှတ်တင်ရေးစခန်းတည်ဆောက်ရန် SpaceX က အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၆

အမေရိကန်အာကာသကုမ္ပဏီဖြစ်သည့် SpaceX ကုမ္ပဏီသည် လူဝီစီယားနားပြည်နယ်၌ ကုမ္ပဏီ၏ အကြီးဆုံးနှင့် စတုတ္ထမြောက် အာကာသယာဉ်လွှတ်တင်ရေးစခန်းသစ်တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားရန် အစီအစဉ်ရှိသည်ဟု ဩဂုတ် ၂၅ ရက်တွင် ကြေညာခဲ့သည်။

စတားဘေ့စ်လူဝီစီယားနားဟု အမည်ပေးထားသည့် အဆိုပါစခန်းကို လူဝီစီယားနားပြည်နယ်တောင်ပိုင်း ဗားမီလီယန်ပဲရစ်ချ်တွင် တည်ဆောက်သွားမည်ဖြစ်သည်ဟု လူဝီစီယားနား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဌာနက ပြောသည်။

အဆိုပါစခန်းသည် အာကာသယာဉ်များကို တစ်နှစ်လျှင် ထောင်နှင့်ချီ၍ လွှတ်တင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၂၇ ခုနှစ်တွင် စတင်မည်ဖြစ်ပြီး ၂၀၂၉ ခုနှစ်တွင် အာကာသယာဉ်ကို ပထမဦးဆုံးလွှတ်တင်နိုင်ရေး ရည်မှန်းထားသည်။

အဆိုပါ အာကာသယာဉ်လွှတ်တင်ရေးစခန်းသစ်ကြောင့် အလုပ်အကိုင်ပေါင်း ၃၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဟု SpaceX ကုမ္ပဏီက ပြောသည်။

ဆင်ဟွာ

# နီပေါ၌ ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ကမ္ဘာလှည့်ခရီးသွား ၃၈၄ ဦးထက်မနည်း ပျောက်ဆုံး

ခတ္တမန္ဒူ ဩဂုတ် ၂၆

နီပေါနိုင်ငံမြောက်ပိုင်း ရာဆူဝါခရိုင်၌ ရုတ်တရက် ကြီးမားသော ရေကြီးရေလျှံမှု ဖြစ်ပွားပြီးနောက် နိုင်ငံခြားသား ၂၈၁ ဦးအပါအဝင် ကမ္ဘာလှည့်ခရီးသွား ၃၈၄ ဦးထက်



မနည်း ပျောက်ဆုံးနေကြောင်း နီပေါခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

နီပေါ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဆူနေးလ်ရှာမားက ပျောက်ဆုံးနေသော ကမ္ဘာလှည့်ခရီးသွားများတွင် အိန္ဒိယ၊ ဩစတြေးလျ၊ နယ်သာလန်၊ အမေရိကန်ပြည်ထောင်စု၊ မလေးရှား၊ ဗြိတိန်နှင့် တောင်အာဖရိကနိုင်ငံတို့မှ ပါဝင်ကြောင်း ပြောသည်။

နီပေါနိုင်ငံ၌ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ဘိုတဲကိုရှီမြစ်တွင် ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရာဆူဝါ၊ နူဝါကုတ်နှင့် ဓာဒင်းခရိုင်သုံးခု၌ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အများအပြားဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

ဘေးဒဏ်သင့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး လက်ရှိအချိန်အထိ ၈၈ ဦးထက်မနည်းကို ကယ်ဆယ်ထားနိုင်ပြီဖြစ်ကြောင်း နီပေါတပ်မတော်က ပြောကြားပြီး နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၇၂ ဦးရှိပြီး ၄၁ ဦးမှာ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဆင်ဟွာ

■

# ပါကစ္စတန်၌ ဆေးရုံမီးလောင်မှုကြောင့် မွေးကင်းစကလေး ၁၄ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၂၆

ပါကစ္စတန်နိုင်ငံ ဆေးသိပ္ပံအင်စတီကျူရှိ သားဖွားမီးယပ်ဆောင်၌ ဩဂုတ် ၂၆ ရက်က မီးလောင်မှုဖြစ်ပွားရာ မွေးကင်းစကလေး ၁၄ ဦး သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့သတင်းအရင်းအမြစ်များက ပြောသည်။ ကလေးများရှိရာ ဆေးရုံတတိယထပ်ရှိ သားဖွားမီးယပ်ဆောင်၌ နံနက် ၆ နာရီ မိနစ် ၄၀ ဝန်းကျင်က မီးစတင်လောင်ခဲ့ခြင်း ဖြစ်သည်ဟု သတင်းအရင်းအမြစ်က ပြောသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့သည် ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး မီးသတ်တပ်ဖွဲ့၊ လူနာတင်ယာဉ်များနှင့် ရဲများသည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိလာကြသည်။ အဆိုပါအဆောင်မှ ကလေးအချို့ကို ကယ်တင်နိုင်ခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေပြီး မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းနှင့် ထိခိုက်သေဆုံးသူများ၏ အခြေအနေများကို ရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ထိုင်းနိုင်ငံရှိ ကျောင်းတစ်ကျောင်း၌ သိပ္ပံစမ်းသပ်မှုပေါက်ကွဲ၍ ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရ

ဗန်ကောက် ဩဂုတ် ၂၆

ယာလာပြည်နယ်ရှိ ကျောင်းတစ်ကျောင်း၌ သိပ္ပံစမ်းသပ်မှုတစ်ခု ပြုလုပ်ချိန်၌ အယ်လ်ကိုဟော ပေါက်ကွဲမှုကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဩဂုတ် ၂၆ ရက်က ဖော်ပြခဲ့သည်။

ယင်းဖြစ်စဉ်သည် တောင်ပိုင်းနယ်စပ်ဒေသ ယာလာပြည်နယ် ယာဟာခရိုင်ရှိ ဘန်တာချီကျောင်းတွင် နံနက် ၁၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယာလာပြည်နယ် ပြည်သူ့ဆက်ဆံရေးရုံး၏ ထုတ်ပြန်ချက်အရ စာသင်ခန်းအတွင်း သိပ္ပံစမ်းသပ်မှုတစ်ခု ပြုလုပ်နေစဉ် အယ်လ်ကိုဟောပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်အတွင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း အရေအတွက် အတိအကျ မသိရသေးကြောင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူအားလုံးကို ဆေးကုသမှုခံယူရန် ယာဟာဆေးရုံနှင့် ယာလာဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ၊ ဗန်ကောက်ပို့စ်

# ဗီယက်နမ်၌ တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူများ ရှိလာ

ဟနွိုင်း ဩဂုတ် ၂၆

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ တိုင်ဖွန်းမုန်တိုင်းနာဂျနှင့် ဆက်နွယ်သော မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နှစ်ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘေးအန္တရာယ်နှင့် တာတမံစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ဩဂုတ် ၂၆ ရက်တွင် ပြောသည်။

တိုင်ဖွန်းမုန်တိုင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် နေအိမ်ထောင်နှင့်ချီ ထိခိုက်ပျက်စီးမှုဖြစ်ပွားကြောင်း သိရသည်။ ထို့ပြင် အခြား နေအိမ်ပေါင်း ၃၇၄၆ အိမ်မှာ ရေလွှမ်းမိုးမှုဖြစ်ပွားပြီး အိမ်ထောင်စု ၂ ၈၂၃ စုမှာ ရေကြီးရေလျှံမှုကြောင့် အဆက်အသွယ်ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အိန္ဒိယ ဘီဟာပြည်နယ်၌ လေ့တိမ်းမှောက်မှုဖြစ်ပွား အနည်းဆုံး ခြောက်ဦး ပျောက်ဆုံး

နယူးဒေလီ ဩဂုတ် ၂၆

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ဩဂုတ် ၂၆ ရက်က ခရီးသည်များ တင်ဆောင်လာသည့် လှေတစ်စင်း တိမ်းမှောက်ခဲ့ရာ အနည်းဆုံး ခြောက်ဦး ပျောက်ဆုံးနေပြီး အခြား ၁၂ ဦးမှာ ရေကူး၍ ဘေးကင်းရာသို့ ရောက်ရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

လှေတိမ်းမှောက်မှုသည် ဘီဟာပြည်နယ်၏ မြို့တော်ပတ္တနာမြို့အရှေ့ဘက် ကီလိုမီတာ ၃၃၂ ခန့်အကွာရှိ ဘာဂါလ်ပူရ်ခရိုင် ဂင်္ဂါမြစ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသတွင်းမီဒီယာများက တာဝန်ရှိသူများ၏ ပြောကြားချက်ကိုကိုးကား၍ လှေပေါ်တွင် အလုပ်သမား ၁၈ ဦး လိုက်ပါလာခဲ့ကြောင်း ဖော်ပြသည်။ ယင်းအလုပ်သမားများသည် အလုပ်သွားရန် မြစ်ကို လှေဖြင့်ဖြတ်ကူးနေစဉ် ယခုကဲ့သို့ ဝမ်းနည်းဖွယ် ဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့နှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့ဝင်များသည် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ အလျင်အမြန်ရောက်ရှိလာကာ ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# နိုင်ဂျီးရီးယား၌ ဆုံဆို့နာရောဂါကြောင့် ကလေး ၅၀ ခန့် သေဆုံး

အဘူဂျာ ဩဂုတ် ၂၆

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ကာနိုပြည်နယ်၌ ဆုံဆို့နာရောဂါ ဖြစ်ပွားမှုကြောင့် ကလေး ၅၀ ခန့် သေဆုံးပြီး ကလေးအချို့ ဆေးရုံတက် ဆေးကုသမှု ခံယူနေရကြောင်း ပြည်နယ်လွှတ်တော်၌ ဩဂုတ် ၂၅ ရက်တွင် ပြောသည်။

ကူးစက်မှု ဖြစ်ပွားနေသည့် ပြည်နယ်များသို့ အရေးပေါ်ကူညီမှုများ ရောက်ရှိရန်လည်း တောင်းဆိုခဲ့သည်။ ကူးစက်မှုများကို ထိန်းချုပ်ရန်နှင့် ပြည်နယ်ကျန်းမာရေးကာကွယ်ရေးဥပဒေကို အသုံးပြုရန် အစိုးရကို တောင်းဆိုခဲ့သည်။ ဆုံဆို့နာရောဂါသည် ဗက်တီးရီးယားကြောင့် ဖြစ်သောရောဂါဖြစ်ပြီး အသက်ရှူလမ်းကြောင်း အထက်ပိုင်းကို ထိခိုက်စေကာ နှလုံးနှင့် အာရုံကြောများကို ထိခိုက်စေသည့် အဆိပ်ကို ထုတ်လုပ်ပေးသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ကာကွယ်ဆေးအပြည့် မထိုးရသေးသည့် ကလေးနှစ်သန်းကျော်ရှိပြီး ၎င်းတို့ထဲတွင် တစ်ကြိမ်မှ တစ်ခါမျှပင် ကာကွယ်ဆေး မထိုးဖူးသေးသည့် ကလေးများ ပါဝင်နေကြောင်း သိရသည်။

ဆင်ဟွာ

# Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့် လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်

**(၁) Digital Smart မီတာအသစ် လျှောက်ထားသူမှ အကောင့် (User Account) ဖွင့်လှစ်ရမည့် လုပ်ငန်းစဉ်များ**

**(က) Digital Smart မီတာအသစ်လျှောက်ထားသူမှ အကောင့် ပြုလုပ်ခြင်း**

လျှောက်ထားသူ အကောင့်ပြုလုပ်ရန် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန Website ၏ ပင်မစာမျက်နှာwww.moee.gov.mm (Home Page) ရှိ **"Digital Smart မီတာအသစ်များ လျှောက်ထားရန်"**အား Click နှိပ်လိုက်ပါက မီတာ/ပါဝါမီတာ အသုံးပြုခွင့် လျှောက်ထားခြင်း ဟု တွေ့ရှိရမည်ဖြစ်ပြီး ၎င်းစာမျက်နှာ၏ ယာဘက်ထိပ်တွင် "အကောင့်ဖွင့်ရန်"စာသားအား Click ကိုနှိပ်၍ ဆောင်ရွက်နိုင်ပါသည်။



ပုံ (၁) ပင်မစာမျက်နှာပုံစံ

လျှောက်ထားသူအကောင့် ပြုလုပ်ရာတွင် ဖုန်းနံပါတ် (သို့မဟုတ်) အီးမေးလ်လိပ်စာတို့ဖြင့် မိမိစိတ်ကြိုက်ရွေးချယ်၍ အောက်ပါအတိုင်း ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(၁) အမည်အပြည့်အစုံ၊ အီးမေးလ်လိပ်စာ၊ စကားဝှက် (Password) နှင့် စကားဝှက်အတည်ပြုခြင်း (Confirm Password) တို့ကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(၂) အမည်အပြည့်အစုံ၊ ဖုန်းနံပါတ်၊ စကားဝှက် (Password) နှင့် စကားဝှက် အတည်ပြုခြင်း(Confirm Password) တို့ကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။

စကားဝှက်အတည်ပြုခြင်းကဏ္ဍတွင် ရိုက်နှိပ်သည့် စကားဝှက်သည် အထက်တွင်ပေးခဲ့သော စကားဝှက်နှင့် ကိုက်ညီမှု ရှိရမည်ဖြစ်ပါသည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA)ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"ဆက်လက်လုပ်ဆောင်မည်"**ဟူသော Click နှိပ်၍ အကောင့်ပြုလုပ်ခြင်းကို အောင်မြင်စွာဆောင်ရွက်ရမည်ဖြစ်ပါသည်။




ပုံ(၂) အကောင့်ပြုလုပ်ရန် ဖောင်ပုံစံ

အကောင့်ကို အတည်ပြုရန်အတွက် မိမိရွေးချယ်ခဲ့သည့် စနစ်အလိုက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၁) ဖြည့်သွင်းခဲ့သော အီးမေးလ်လိပ်စာထံသို့ MOEE Support Team မှ (၆) လုံးပါဝင်သော ကုဒ်နံပါတ်ပေးပို့မည်ဖြစ်ပြီး ၎င်းကုဒ်နံပါတ်ကိုဖြည့်သွင်း၍ အတည်ပြုခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၂) ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMSမှတစ်ဆင့် (၆) လုံးပါဝင်သော ကုဒ်နံပါတ်(6-Digit Code) ပေးပို့မည်ဖြစ်ပြီး အဆိုပါကုဒ်ကို စနစ်တွင် ရိုက်နှိပ်၍ အတည်ပြုရမည်ဖြစ်ပါသည်။ ဂဏန်း (၆)လုံးပါဝင်သော ကုဒ်နံပါတ်ကို စနစ်တကျ ဖြည့်သွင်းပြီးပါက အကောင့်ဖွင့်လှစ်ခြင်းပြီးမြောက်၍ မီတာ လျှောက်ထားခြင်း လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။




ပုံ(၃) ကုဒ်အတည်ပြုရန် ဖောင်ပုံစံ

**(ခ) လျှောက်ထားသူအကောင့်ထဲသို့ ဝင်ရောက်ခြင်း**


လျှောက်ထားသူအကောင့်ရှိပြီးသူများသည် အကောင့်ဝင်ရန် စာမျက်နှာ (Login Form)တွင် မိမိတို့ အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်နှင့် စကားဝှက် (Password)တို့ကို မှန်ကန်စွာ ဖြည့်သွင်းရမည်ဖြစ်ပါသည်။ လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"အကောင့်ဝင်မည်"**ဟူသော Click နှိပ်၍ စနစ်အတွင်းသို့ ဝင်ရောက်နိုင်ပြီဖြစ်ပါသည်။




ပုံ(၄) အကောင့်ဝင်ရန် ဖောင်ပုံစံ

**(ဂ) စကားဝှက်မေ့လျော့နေပါက ပြန်လည်ရယူခြင်း**

လျှောက်ထားသူသည် စကားဝှက်မေ့လျော့နေပါက **"စကားဝှက် မေ့နေပါသလား။"** ဟူသော Click နှိပ်ပါ။ စကားဝှက် ပြန်လည်ရယူရန်အတွက် အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်ကို ဖောင်တွင် မှန်ကန်စွာ ဖြည့်သွင်းရမည်ဖြစ်ပါသည်။ ထို့နောက် လုံခြုံရေး စစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"**(reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"စကားဝှက် ပြန်လည်သတ်မှတ်လင့်ခ်ပို့မည်"** သို့မဟုတ် **"အတည်ပြုကုဒ်ပို့မည်"**ဟူသော Click နှိပ်ပါ။





ပုံ(၅) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

စကားဝှက်ပြောင်းရန်အတွက် မိမိရွေးချယ်ခဲ့သည့် စနစ်အလိုက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်။

(၁) ဖြည့်သွင်းခဲ့သော အီးမေးလ်လိပ်စာထံသို့ MOEE Support Team မှ ပေးပို့လာမည့် အီးမေးလ်ကို ဝင်ရောက်စစ်ဆေးပြီး **"Reset Password"** ဟူသော စာသားကို Click နှိပ်ပြီး စကားဝှက် ပြောင်းလဲသတ်မှတ်မှုကို အတည်ပြုဆောင်ရွက်ပါ။

(၂) ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပြီး အဆိုပါကုဒ်ကို စနစ်တွင် ရိုက်နှိပ်၍ **"Reset Password"** ဟူသော ခလုတ်(Button) နှိပ်ပြီး စကားဝှက်ပြောင်းလဲသတ်မှတ်မှုကို အတည်ပြုဆောင်ရွက်ပါ။




ပုံ(၆) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ်သို့ ပေးပို့လာသော စကားဝှက် ပြန်လည်သတ်မှတ်ခြင်း အတည်ပြုချက်ကို လုပ်ဆောင်ပြီးပါက စနစ်မှ စကားဝှက်အသစ် သတ်မှတ်ရန် စာမျက်နှာသို့ လမ်းညွှန်ပေးမည်ဖြစ်သည်။

စကားဝှက် ပြန်လည်သတ်မှတ်ရန် စာမျက်နှာတွင် မိမိ၏ အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ် မှန်ကန်စွာပေါ်နေခြင်း ရှိ၊ မရှိ စစ်ဆေးပါ။ ထို့နောက် **"စကားဝှက်"**ကွက်လပ်တွင် မိမိအသုံးပြုလိုသည့် စကားဝှက်အသစ်ကို ဆက်လက်၍ **"စကားဝှက်အတည်ပြုရန်"** ကဏ္ဍတွင် စကားဝှက်ကို ထပ်မံဖြည့်စွက်ပါ။ ဤကဏ္ဍတွင် ရိုက်နှိပ်သည့် စကားဝှက်သည် အထက်တွင် ပေးခဲ့သော စကားဝှက်နှင့် ကိုက်ညီမှုရှိရပါမည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"စကားဝှက်ပြန်လည်သတ်မှတ်မည်"**ဟူသော Click နှိပ်၍ စကားဝှက်ပြန်လည်သတ်မှတ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါသည်။ ထို့နောက် အကောင့်ဝင်ရန် စာမျက်နှာ (Login Form) တွင် မိမိတို့ အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်)ဖုန်းနံပါတ်နှင့် စကားဝှက်အသစ် (New Password) တို့ကို မှန်ကန်စွာဖြည့်သွင်းရမည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှု အတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"**(reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရပါမည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"အကောင့်ဝင်မည်"**ဟူသော Click နှိပ်၍ စနစ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။




ပုံ(၇) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

*(ဆက်လက်ဖော်ပြပါမည်)*

# ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) ဆည်မြောင်းတာ အိပ်ပဲ့ကျမှု ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပုသိမ် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၊ တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာတွင် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဆည်မြောင်းတာအိပ်ပဲ့ကျမှုဖြစ်ပွားခဲ့ရာ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများ အသုံးပြုကာ သဲအိတ်ဆင့်ကာတာခြေထောက်ခြင်းလုပ်ငန်းနှင့် ယာယီပန်းတာ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆည်မြောင်းတာအိပ်ပဲ့ကျမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး တာကိုယ်ထည်ထပ်မံတိုက်စားပဲ့ကျမှုမဖြစ်ပွားစေရေးနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များမထိခိုက်စေရေး အရေးပေါ်ကာကွယ်တားဆီးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မှာကြားပြီး ကမ်းထိန်းလုပ်ငန်းဖြစ်သည့် ပန်းတာတည်ဆောက်ရာတွင် ကြိုတင်ရွှေ့ပြောင်းခဲ့ရသည့် နေအိမ်နှင့် ကွမ်းခြံအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ မအူပင်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဘုရားလမ်းပလက်ဖောင်းရေမြောင်းပြုလုပ်ခြင်း၊ Box Culvert တည်ဆောက်ခြင်း၊ ပံတပွတ်လမ်းဘေး ဝဲ/ယာ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားအသုံးပြု၍ တူးဖော်ဆောင်ရွက်နေမှုနှင့် ရေလဲလမ်းဆုံရှိ မအူပင်မြို့၏ အဓိကရေထွက်ပေါက်များကို ကြည့်ရှုစစ်ဆေးပြီး ဓနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဓနုဖြူမြို့မဈေးအား ခေတ်မီဈေးသစ်အဖြစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ယမန်နေ့နံနက်ပိုင်းက ဟသ်ာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန့်ရိပ်သာ၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်လွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အလားတူ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကို ကချင်ပြည်နယ် တနိုင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအလှများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြု

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခုနစ်လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**သံလွင်မြစ်ရေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ကိုးလက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**ဘီးလင်းမြစ်ရေ**

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေ သုံးလက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က အလုံမြို့နယ်ရှိ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်နှင်းနှင်းအေးသည် တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့်အတူ "အာဟာရပြည့်ဝ တန်ဖိုးမျှ" ချက်ပြုတ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ၁၄ ခရိုင် ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများ၏ အာဟာရပြည့်ဝစွာ ချက်ပြုတ်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့အတူ မူကြိုကလေးငယ်များအား Vitamin A တိုက်ကျွေးခြင်း၊ အာဟာရမှုန့်၊ အားဖြည့်ဆန်နှင့် အရုပ်များ ပေးအပ်ခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် နို့တိုက်မိခင်များအား ဆေးဝါးများနှင့် အာဟာရအားဖြည့်ဆန်နှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စစ်ကိုင်းမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင် နှစ်ကြိမ်လှုပ်

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့မြန်မာစံတော်ချိန် ၀၄ နာရီ၊ ၀၅ မိနစ်၊ ၄၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက် မြောက်ဘက် ၃၉ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စစ်ကိုင်းမြို့၏ အနောက်မြောက်ဘက် ၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၄ ဒီဂရီ၊ အနက် ၃၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားခဲ့ကြောင်း၊ အလားတူ မြန်မာစံတော်ချိန် ၀၅ နာရီ၊ ၀၂ မိနစ်၊ ၂၇ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (စစ်ကိုင်းမြို့၏ အရှေ့တောင်ဘက် ၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၇ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## တောင်ကြီးမြို့၌ တိရစ္ဆာန်အစာ ချဉ်ဖတ်ပြောင်းပြုလုပ်မှု လက်တွေ့သရုပ်ပြ

**တောင်ကြီး ဩဂုတ် ၂၆**

တောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယမန်နေ့တွင် တောင်ကြီးမြို့ ကျောက်နီ မွေးမြူရေးဇုန်၌ တိရစ္ဆာန်အစာ ချဉ်ဖတ်ပြောင်းပြုလုပ်မှု အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခဲ့သည်။



ကျောက်နီ မွေးမြူရေးဇုန်ရှိ မွေးမြူသူ ကိုးဦး၊ မွေးမြူရေးလုပ်ငန်း ကုမ္ပဏီနှစ်ခုတို့မှ မွေးမြူသူနှင့် တာဝန်ခံ ၂၀ တို့အား နွားအစာ ချဉ်ဖတ်ပြောင်း ရိတ်သိမ်းသိုလှောင်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို အသိပညာပေးဖြန့်ဖြူးပေးခြင်းနှင့် စံပြစိုက်ကွက်ရှိ ပြောင်း ၈၅ ရက်သားကို ဦးအောင်အောင်သန်းခြံရှိ ချဉ်ဖတ်ကန်ဝင်ဆံ့ တန်ချိန် ၂၇၀ ဆံ့ ကန်ထဲသို့ ပြောင်းစဉ်းဖတ်များ စနစ်တကျ ထည့်သွင်းနေမှုကို လက်တွေ့သရုပ်ပြသသည်။

အဆိုပါ ပြောင်းချဉ်ဖတ် ရိတ်သိမ်း၊ စဉ်းခြင်းနှင့် ကန်ထဲသို့ ဖိသိပ်ခြင်း လုပ်ငန်းစဉ်သည် ရက်ပေါင်းငါးရက် ကြာမြင့်မည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် ဩဂုတ် ၂၆**

ညောင်လေးပင်ခရိုင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ညောင်လေးပင်မြို့ပေါ်ရှိ စားအုန်းဆီလက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဗီနိုင်းချိတ်ဆွဲ ဖြန့်ဖြူးရောင်းချခြင်း ရှိ/မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျထုတ်ပေးခြင်း ရှိ/မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ/မရှိနှင့် ရရှိသောဆီပိသာချိန်များကို ပြည်သူများအား အမှန်တကယ် ရောင်းချပေးခြင်း ရှိ/မရှိတို့ကို ယနေ့နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အမှတ်(၂) ရပ်ကွက်ရှိ ဗိုလ်ဗထူးလမ်း၊ (၃) လမ်း၊(၄)လမ်းအတွင်းရှိ ရပ်ကွက်နေပြည်သူများ၏ နေအိမ်များသို့ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ထပ်မံကူးစက်မှုမရှိစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်း၊ သောက်ရေများအား ရေသန့်ဆေးခတ်ခြင်းနှင့် သုံးရေများအား ကလိုရင်းဆေးခတ်ခြင်း၊ ရောဂါပိုမိုဖြစ်စေနိုင်သော ပတ်ဝန်းကျင်အထူးကြပ်မတ်ဆောင်ရွက်ရန်၊ ရောဂါမဖြစ်စေရန် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သည့် ကျန်းမာရေးအထွေထွေ ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။ **ဟန်နီ(ပြန်/ဆက်)**







## ခြူးရွှေ-ပန်ကောက်တိုက်ပွဲကြီး ကိုယ်တွေ့ဖြစ်ရပ်မှန်စာအုပ် ပြန်လည်ပြင်ဆင် ဖြည့်စွက်ထုတ်ဝေ

**နေပြည်တော် ဩဂုတ် ၂၆**

ဗိုလ်မှူးကြီး(ဟောင်း) လှမင်းနှင့် ဗိုလ်ကြီးတင့်ထူးရွှေ (အငြိမ်းစား) တို့ ရေးသားပြုစုသည့် ခြူးရွှေ–ပန်ကောက်တိုက်ပွဲကြီးကိုယ်တွေ့ဖြစ်ရပ်မှန်စာအုပ်[၃–၁၀–၁၉၇၇~၂၇–၁၀–၁၉၇၇] (BATTLE OF CHU SHWE – PAN KOUK – Revised Edition)မှာ ပထမအကြိမ်အဖြစ် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေခဲ့ပြီး ဒုတိယအကြိမ် ပြန်လည်ပြင်ဆင်ဖြည့်စွက် ထုတ်ဝေခြင်းအဖြစ် ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် သမိုင်းဝင် စစ်ဆင်ရေးတိုက်ပွဲကြီးတစ်ခု၏ ဖြစ်ရပ်မှန်များကို အချက်အလက်ပြည့်စုံစွာဖြင့် ထပ်မံဖြည့်စွက် ပုံနှိပ်လိုက်သည့် စစ်သမိုင်းဖြစ်ရပ်မှန် စာအုပ်တစ်အုပ်ဟု စာချစ်သူများအတွက် ညွှန်းဆိုလိုပါသည်။ တပ်မတော်သားတို့၏ ရဲရင့်ပြောင်မြောက်သော သမိုင်းမှတ်တမ်းများနှင့် တိုက်ပွဲဝင် အချက်အလက်များကို လေ့လာလိုသူ စစ်သမိုင်းဝါသနာရှင်များ လက်မလွှတ်တမ်း ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

ပထမအကြိမ် ထုတ်ဝေစဉ်က စာအုပ်သည် ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလအတွင်း ကွန်မြူနစ်ဗဟို ခမရ(၁၀၃) တပ်ခွဲ(၂)က ခြူးရွှေတိုက်ပွဲနှင့် ပတ်သက်၍ အဓိကလှုပ်ရှားဆောင်ရွက်မှုကို အထူးပြုထားပြီး ခြူးရွှေ–ပန်ကောက်တိုက်ပွဲကြီး နှစ် (၄၀) မြောက် အမှတ်တရအဖြစ် အချိန်လုရေးသားခဲ့ရသဖြင့် အချို့အချက်အလက်များ ပြည့်စုံမှုမရှိခြင်း၊ ထည့်သွင်းရေးသားဖော်ပြရန် ကျန်ရှိခြင်းနှင့် အမည်များ ကွဲလွဲမှုများရှိနေသဖြင့် ပါဝင်လှုပ်ရှားမှု သမိုင်းအထောက်အထားများကို သုတေသနပြုကာ တိကျမှန်ကန်စွာ ထပ်မံဖြည့်စွက်ထုတ်ဝေကြောင်း သိရသည်။

ယခုစာအုပ်တွင် ထိုကာလက တိုက်ပွဲဝင်ခဲ့သောတပ်များ၊ အရာရှိများကို ရှာဖွေဆက်သွယ်၍ အချက်အလက်များ စုဆောင်းခဲ့ပြီး ရှေ့တန်း ခမရ(၁၀၃) စစ်ကြောင်း (၁)၊ (၂)နှင့် ကျန်တပ်ခွဲ(၄)ခွဲက ပန်လုံဒေသ စစ်ဆင်ရေးနယ်မြေတွင် ခံစစ်ဆင်တာဝန်ထမ်းဆောင်ရင်း လှုပ်ရှားလုပ်ဆောင်မှုများကို ပိုမိုစုံလင်စွာ ဖော်ပြထားပါသည်။ ထို့ကြောင့် ၁၉၇၇–ခုနှစ် အောက်တိုဘာလအတွင်းက ခြူးရွှေတိုက်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သော အရာရှိနှင့် စစ်သည်များ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်များ၊ ရှေ့တန်း၊ ခမရ(၁၀၃)တပ်ရင်းတစ်ရင်းလုံးက ပုံစံအမျိုးမျိုးဖြင့် စစ်ဆင်ရေးလုပ်ဆောင်ခဲ့ပုံ၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သော အရာရှိနှင့် စစ်သည်များ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်များကို အသေးစိတ်လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။





စာအုပ်တွင် စုစုပေါင်းကဏ္ဍ ၂၀ ပါဝင်ပြီး အဓိကကဏ္ဍကြီးများမှာ ဗိုလ်မှူးကြီး(ဟောင်း) လှမင်း၏ အမှာစာနှင့် နိဒါန်း၊ ဟိုပန်ဒေသ တပ်မတော်၏ စစ်ဆင်ရေးဗျူဟာ၊ ရန်သူ့သတင်းရရှိမှုနှင့် ရန်သူ တိုက်စစ်ဆင်ခြင်း၊ ဟိုပန်ခံစစ်စည်းကျိုးပေါက်ခြင်း၊ တပ်မ(၉၉) နည်းဗျူဟာမှူးနှင့် တွေ့ဆုံခြင်းနှင့် ခြူးရွှေစခန်းအကြောင်း၊ တန်ပြန် တိုက်စစ်အတွက် တပ်မတော်စုဖွဲ့မှုနှင့် ဒုတိယဗိုလ်လှမင်း၏ တိုက်စစ်အတွေ့အကြုံများ၊ အလုပ်သင်ဗိုလ်တင့်ထူးရွှေ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်များနှင့် သုံးသပ်ချက်များ၊ ဗိုလ်မှူးကြီး ဝင်းဆွေ (အငြိမ်းစား)၏ ပန်လုံဒေသ အတွေ့အကြုံနှင့် ခြူးရွှေ– ပန်ကောက်တိုက်ပွဲတွင် ကျဆုံးသွားသော ခမရ(၁၀၃)မှ စစ်သည်များ၏ အမည်စာရင်းနှင့် တာဝန်ယူခဲ့သူများ မှတ်တမ်းစသည်တို့ကို ဖတ်ရှုနိုင်ပါသည်။

အဆိုပါ သမိုင်းဝင်ဖြစ်ရပ်မှန်စာအုပ်ကို တန်ခိုးရှင်ပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေထားပြီး ငွေကျပ် ၁၅၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိသူ ဦးတင့်ထူးရွှေ(နွယ်စာပေ)၊ အမှတ် ၆၇၂၊ နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရခရိုင်၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၉–၄၅၀၀၁၆၅၅၂၊ ၀၉–၆၇၀၅၇၅၃၃၆ နှင့် ၀၉–၉၅၂၅၃၉၄၄၃ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှု မီဒီယာဖြစ်သည်နှင့် အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ် များ ရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် (သောကြာနေ့)သည် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဖြစ်ပါသဖြင့် ဓမ္မပူဇာတေးသီချင်းများကို မြန်မာ့အသံ ဆိုင်းဝိုင်းကြီးအဖွဲ့နှင့်အတူ ပြင်ပအဆိုရှင်များဖြင့် စုပေါင်း၍ **“မေတ္တာဝေသံဆန်း”** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်–

**(၂၈–၈–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “မေတ္တာဝေသံဆန်း” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သမ္ဗုဒ္ဓေ | တူယှဉ်နွဲ့ပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | မြတ်ဒေသနာ | ပြင်ပအဆိုရှင် |
| ၃။ | အောင်စေ | ပြင်ပအဆိုရှင် |
| ၄။ | ဂုဏ်တော်ဖွင့် | ပြင်ပအဆိုရှင် |
| ၅။ | မေတ္တာဝေသံဆန်း | တူယှဉ်နွဲ့ပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | ဗုဒ္ဓဝင် | ပြင်ပအဆိုရှင် |
| ၇။ | ဝိပဿနာ | ပြင်ပအဆိုရှင် |
| ၈။ | မေတ္တာ | ပြင်ပအဆိုရှင် |
| ၉။ | သုဝဏ္ဏသျှံ | ပြင်ပအဆိုရှင် |
| ၁၀။ | စိန္တာမဏိဂါထာ | ပြင်ပအဆိုရှင် |

## ဗဟန်းမြို့နယ်၌ ထရန်စဖော်မာတည်ဆောက်ပေး

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံ (တောင်) စံပြရပ်ကွက်ရှိ မင်းလမ်းနှင့် ဆရာမကြီးလမ်းရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝတည်ငြိမ်စွာ အသုံးပြုနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေရေးအတွက် ဦးချစ်မောင်လမ်းနှင့် မင်းလမ်းထောင့်တွင် 11–6.6/0.4kV (200)kVA ထရန်စဖော်မာ တစ်လုံးတည်ဆောက်ခြင်းကို ဗဟန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ၊ လက်ထောက်မန်နေဂျာ(အင်/ယာ)တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခိုင်စိုး**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# မဟာဝိသုတာရာမ(အလယ်)တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာဇောတ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် သြဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် မဟာဝိသုတာရာမ(အလယ်)တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာဇောတ သက်တော် ၈၁ နှစ်၊ သိက္ခာ ၆၁ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် (၂၆-၈-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့ နံနက် ၄ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်

ပြည် သြဂုတ် ၂၆

ပြည်မြို့နယ်ဥပဒေရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက ပြည်မြို့ရှိ ရွာဘဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ နဝင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ပြည်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ အသီးသီးကျင်းပခဲ့ကြသည်။



**ပြန်လည်ရှင်းလင်း ဖြေကြား**

အဆိုပါ သင်တန်းများတွင် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT) သင်တန်းဆင်း ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက သင်တန်းသား ၁၀၀ ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေတို့ကို ဆွေးနွေးပို့ချပြီး သင်တန်းသားများ၏ မေးမြန်းမှုကို မြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းဌေးဌေးအောင်က ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

**အေးမိုး(ပြန်/ဆက်)**

# ဒေးဒရဲမြို့၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ဒေးဒရဲ သြဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ မြို့နယ်အတွင်းရှိ ပြည်သူများနှင့် ပင်စင်စားများအား ယနေ့ နံနက် ၈ နာရီက စတင်၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရှေ့တွင် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန်များ ရောင်းချခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးပိုထွန်းနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးကျော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စားသုံးဆီ ကုန်သည်များအသင်းနှင့် မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းတို့က ညှော့မထဆန်၊ ကြက်ဥ၊ ဘဲဥ၊ စားသုံးဆီ စသည်တို့ကို သက်သာသော ဈေးနှုန်းများဖြင့် ပြည်သူများနှင့် ပင်စင်စားများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။ **အေဇာလင်း**



# မိုးကုတ်မြို့၌ ရပ်ကွက် / ကျေးရွာ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်

**မိုးကုတ် သြဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ (ဖလား) ရပ်ကွက်/ကျေးရွာ ပေါင်းစုံ (အမျိုးသား) အလွတ်တန်း ဘောလုံးပြိုင်ပွဲကို သြဂုတ် ၂ ရက်မှ ၂၄ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၂၀ တို့က အင်တိုက်အားတိုက် ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲတွင် ကိစ္စကုတ်အသင်းနှင့် မင်းတံတားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲပြီးဆုံးချိန်ထိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ကိစ္စကုတ်အသင်းမှ မင်းတံတားအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



**ဆုများ ချီးမြှင့်**

ဆက်လက်ပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးပါပါလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ(ခေတ္တ)ဥက္ကဋ္ဌ ရဲမှူးတင့်လွင်ဌေး၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးစိုးကိုကိုနှင့် တာဝန်ရှိသူများက တတိယဆု၊ ဒုတိယဆု၊ ပထမဆုနှင့် အကောင်းဆုံး ကစားသမားဆု ရရှိသူတို့အား ဆုတံဆိပ်များ၊ ဂုဏ်ပြုငွေများနှင့် ဒိုင်းဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းလှမြင့်သိန်း(ပြန်/ဆက်)**

# ကျောက်မဲမြို့ အမှတ် (၁) ငွေစုငွေချေးသမအသင်း၏ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ကျောက်မဲ သြဂုတ် ၂၆**

ကျောက်မဲမြို့ အခြေခံပညာဝန်ထမ်းများ၏ အမှတ် (၁) ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို သြဂုတ် ၂၃ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ သဘာပတိ ဒေါ်မြင့်မြင့်စိန်၊ ခရိုင်ပညာရေးမှူး ရုံးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဝင်းနှင့် မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်နန်းမြင့်မြင့်ဦးတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အသင်းစည်းကမ်းများနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူကြသည်။


ထို့နောက် ဥက္ကဋ္ဌ ဒေါ်ဝင်းမာအပါအဝင် အမှုဆောင်အဖွဲ့သစ် ကိုးဦးကို ပြန်လည်ရွေးချယ် တာဝန်ခွဲဝေခြင်းနှင့် ကတိသစ္စာခံယူခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပညာရေးဝန်ထမ်း အသင်းသား အသင်းသူ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နိုင်ငံတော်သြဝါဒါစရိယဆရာတော် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် မဟာဝိသုတာရာမ (အလယ်)တိုက်၊ ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာဇောတ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း-** ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ညောင်ပင်ကျေးရွာ ခမည်းတော် ဦးဘလေး + မယ်တော် ဒေါ်စုတို့က ၁၃၀၇ ခုနှစ် တန်ခူးလဆန်း ၃ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း-** ဆရာတော်လောင်းလျာသည် ၁၃၁၇ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ရေစကြိုမြို့နယ် ဝါးဘိုးကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် ရေစကြိုမြို့နယ် ပခန်းကြီးသက်ကျေးရွာ ပေါ်တော်မူကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်း ဆရာတော်ဘဒ္ဒန္တဥတ္တရကို ဥပဇ္ဈာယ်ပြု၍ ပခန်းကြီးမြို့မရပ်ကွက်နေ ဦးဘိုရှိန်း + ဒေါ်တင်မြ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း-** ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဝါးဘိုးကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုသလ၊ ညောင်ပင်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ရွာသာကျေးရွာ ကန်သာယာကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊ ပခန်းကြီးသက်ရွာ ပေါ်တော်မူကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တရ၊ မြင်းခြံမြို့ ရွှေဘုံသာတိုက် အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မသာမိ၊ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ၊ မိတ္ထီလာမြို့ ပထမကျော်ဓမ္မာစရိယတိုက်သစ်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တပညိန္ဒ၊ ဘဒ္ဒန္တကေလာသ၊ ဘဒ္ဒန္တဝိစာရ စသော စာချအကျော် ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယဘွဲ့"ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း-** ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက်၌ စာသင်သားရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်းနှင့် ပခုက္ကူတိပိဋကပါဠိ+မြန်မာအဘိဓာန် ကျမ်းပြုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အစိုးရနိကာယ်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် အစိုးရနိကာယ်စာမေးပွဲပညာရေးဗဟိုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဥက္ကဋ္ဌ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ သိမ်ပေါင်း ၄၀ ကျော်တို့ကို ဦးဆောင်၍ သမုတ်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီး ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း-** ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဎ္ဌနဂုဏ်၊ ရတ္တညုမဟာနာယကဂုဏ်၊ ပိဋကတ္တယ ဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၅ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"**ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း-**ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၁ နှစ်၊ သိက္ခာ ၆၁ ဝါအရ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် (၂၆-၈-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၄ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**

# အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

၁။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့"** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါး ပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များအား https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# မြန်မာအီလက်ထရောနစ်မဲပေးစက် ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်

**မန္တလေး ဩဂုတ် ၂၆**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းကို ဩဂုတ် ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး လွှတ်တော်(ရုံးဟောင်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက ကော်မရှင်အဖွဲ့ခွဲရုံးများရှိ ဝန်ထမ်းများအား အီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်၊ မဲပေးစက် စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများကို ကိုယ်တိုင် ဆောင်ရွက်သွားနိုင်ရန်နှင့် သက်ဆိုင်ရာမြို့နယ်များ အလိုက် ကျွမ်းကျင်သောဝန်ထမ်းများရရှိစေရန် ရည်ရွယ်၍ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။




အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ပြီး ဩဂုတ် ၂၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၆**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ တိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးပိုင်မင်းစိုးနှင့် တံတားတည်ဆောက်ရေးမှ တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် မော်ကျွန်း - ဘိုကလေး ကားလမ်းတာမှ ကျီးချောင်း-ကျုံလတာလမ်းပေါ်ရှိ ကွန်ကရစ်တံတား ပေ ၁၀၀ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုကို ယမန်နေ့က ကြည့်ရှုစစ်ဆေးပြီး ကျေးလက်လမ်းများ ရာသီမရွေးသွားလာနိုင်ရေး၊ လမ်းတံတားလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့အတွက် လိုအပ်သည်များ မှာကြားခဲ့သည်။



**ရဲကိုမောင်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ညောင်လေးပင် ဩဂုတ် ၂၆**

ညောင်လေးပင်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့က ဝါးရုံကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ



ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်း ကျင်းပရာ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအကြောင်းတို့ကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၏ ဆွေးနွေးမေးမြန်းချက်များကို သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပန်းတနော်၌ အခြေခံစားသောက်ကုန်များ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေး

**ပန်းတနော် ဩဂုတ် ၂၆**

ပန်းတနော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ယနေ့နံနက်ပိုင်းက ပန်းတနော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့၌ ပြည်သူများထံသို့ စားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့သည်။

ရောင်းချပေးခဲ့သည့် စားသောက်ကုန်ပစ္စည်းများမှာ စားအုန်းဆီပိဿာ ၁၂၀၊ ကြက်ဥအလုံး ၆၀၀၊ ဆန် ငါးအိတ်၊ ဝက်သား၊ အမဲသား၊ ငါးမြစ်ချင်းနှင့် ဟင်းသီးဟင်းရွက်တို့ဖြစ်ပြီး ဒေသခံပြည်သူများ ဝယ်ယူရရှိနိုင်ရေးအတွက် စနစ်တကျ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဝါးခယ်မ ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်မည့် ကြခတ်ကုန်း - ကျောင်းစု - ကလလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုကာ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ရီရီလွင်(ပြန်/ဆက်)**

# အမျိုးသားစာပေ တစ်သက်တာဆုရှင် ရှေးဟောင်းသုတေသီပညာရှင် ဆရာကြီး ဦးထွန်းရီ ကွယ်လွန်

**နေပြည်တော် ဩဂုတ် ၂၆**



မြန်မာ့ရှေးဟောင်း စာပေများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စွမ်းစွမ်းတမံ ရှာဖွေစုဆောင်းသုတေသနပြုခဲ့သည့် **၂၀၁၇ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရှင်** ရှေးဟောင်းသုတေသီပညာရှင် ဆရာကြီး **ဦးထွန်းရီ (ထွန်းရီ-ရှေးဟောင်းသုတေသီ)** သည် ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။ ကွယ်လွန်ချိန်တွင် ဆရာကြီးသည် အသက် (၉၃)နှစ် ရှိပြီဖြစ်ပါသည်။

ဆရာကြီး ဦးထွန်းရီကို ၁၉၃၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၌ အဖ ဦးသိန်း၊ အမိ ဒေါ်စောခင်တို့မှ မွေးဖွားခဲ့သည်။ အသက် ၁၉ နှစ်တွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်မြင်ခဲ့ပြီး မူလတန်းကျောင်းဆရာအဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ထို့နောက် မြန်မာအမျိုးသားဘဏ်တွင် အငယ်တန်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ (B.A)ကို ရရှိခဲ့သည်။

ဆရာကြီးသည် ဘဏ်အရာရှိအဖြစ်မှ ဒုတိယမန်နေဂျာအထိ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၈၅-၈၆ ခုနှစ်တွင် မြန်မာကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၌ ညွှန်ကြားရေးဌာန မန်နေဂျာအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၉၂-၉၃ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီးနောက် ဂျပန်နိုင်ငံသို့ သွားရောက်ကာ ကျိုတိုတက္ကသိုလ် (Kyoto University) အရှေ့တောင်အာရှ လေ့လာရေးစင်တာတွင် Visiting Researcher/ Research Fellow အဖြစ် ၁၀ နှစ်ကျော်ကြာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အင်္ဂလိပ် - မြန်မာ သုတေသနစာအုပ်များကို ပြုစုထုတ်ဝေခဲ့သည်။

**စာပေလောကနှင့် သုတေသနစွမ်းဆောင်ချက်များ**

ဆရာကြီးသည် ဝိဇ္ဇာဘွဲ့ရရှိပြီးချိန်မှစ၍ တိမ်မြုပ်ကွယ်ပျောက်လုနီးပါးဖြစ်နေသော မြန်မာ့ရှေးဟောင်းစာပေများကို စွမ်းစွမ်းတမံ ရှာဖွေစုဆောင်းခဲ့ပြီး မှုပွားစာတွဲပေါင်း ၂၅၂ တွဲအထိ ဖြန့်ဝေပေးနိုင်ခဲ့သည်။ ၎င်းအပြင် အချုပ်တန်းဆရာဖေ၏ ကဗျာပေါင်းချုပ် (၁၉၇၀)၊ မင်းနှစ်မင်း စာဆိုနှစ်စုံတွဲ ကဗျာပေါင်းချုပ်(၁၉၇၁)၊ စလေဦးပုည ဘဝနှင့်စာပေ၊ ရှေးကစာပေဆုများစာအုပ်(၁၉၇၂)၊ စာပေဂီတနှင့် ဝန်ကြီးပဒေသရာဇာ၊ မင်းလက်ဝဲနော်ရထာ၊ ရှင်မဟာသီလဝံသ စာအုပ် (၁၉၇၄)၊ မြို့ရန်ကုန် ဘုရားစုံသမိုင်းစာအုပ် (၁၉၇၆)၊ ပြည်သူ့စာဆို မောင်းထောင်ဦးကျော်လှ သူ့ခေတ် သူ့ဘဝ သူ့စာ (၁၉၇၇) နှင့် မြန်မာ့စာပေအမြုတေများနှင့် စာဆိုတော်ကြီးများစာအုပ် စသည့်ထင်ရှားကျော်ကြားသော ကျမ်းနှင့် စာအုပ်ပေါင်းများစွာကို ရေးသားပြုစုထုတ်ဝေခဲ့သည်။

ဆရာကြီးသည် မိဘဂုဏ်စာအုပ်တိုက်ကိုလည်း ကိုယ်တိုင်တည်ထောင်ကာ မြန်မာမှုနှင့် ရှေးဟောင်းကျမ်းစာများကို စုစည်းပုံနှိပ်ထုတ်ဝေခဲ့ပြီး မင်းမဟော်၊ မင်းမဟော်ထွန်း၊ မောင်ကောက်သင်း စသည့် ကလောင်ခွဲများဖြင့်လည်း စာပေများ ရေးသားခဲ့သည်။ ထို့ကြောင့် ဆရာကြီးသည် ၂၀၀၇၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ထွန်းဖောင်ဒေးရှင်းစာပေဆုများကို အကြိမ်ကြိမ် ဆွတ်ခူးရရှိခဲ့ကာ ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံခဲ့ရသည်။

ထို့ပြင် မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးကန်တော့ခံပညာရှင်၊ သာကေတမြို့နယ် စာရေးဆရာအသင်းနာယက၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းနာယက၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ပြုစုထုတ်ဝေရေးပညာရှင်အဖွဲ့ဝင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပေပုရပိုက်စုဆောင်းထိန်းသိမ်းရေး အဖွဲ့ဝင်အဖြစ် မကွယ်လွန်မီအချိန်အထိ မြန်မာ့စာပေနှင့် ယဉ်ကျေးမှု ကဏ္ဍတိုးတက်ရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည့် စာပေပညာရှင်ကြီးတစ်ဦး ဖြစ်ပါသည်။

ဆရာကြီး ဦးထွန်းရီ (ထွန်းရီ-ရှေးဟောင်းသုတေသီ) ကွယ်လွန်သွားခြင်းသည် မြန်မာ့စာပေလောကနှင့် ရှေးဟောင်းသုတေသနပညာရပ်ဝန်းအတွက် ကြီးမားလှသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ရပါကြောင်း ဝမ်းနည်းမှတ်တမ်းတင်အပ်ပါသည်။ **မြန်မာ့အလင်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၁၂

| | | |
|---|---|---|
| ဦးသိန်းဇော်လင်း | နှင့် | ဦးမောင်ထွန်း |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်-(ဖ-၄/၄၈)နေ ဦးမောင်ထွန်း (ဘ) ဦးဘသော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးမောင်ထွန်း သင့်အပေါ်၌ တရားလို ဦးသိန်းဇော်လင်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (ဟ- ၁၃)၊ ဦးပိုင်အမှတ်(၁၄၅)၊ ဧရိယာ(၀.၀၂၇၅)ဧက အကျယ်အဝန်းရှိဦးမောင်ထွန်း အမည်ပေါက် ဂရန်မြေကွက်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်၊ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက-ရေကြည်ကျောင်း Grade-12 တန်းမှ မောင်ကြယ်စင်လင်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်းမောင် ၁၄/ရကန(နိုင်)၁၂၈၁၉၈ ဖြစ်ပါကြောင်း။

**ဦးနိုင်လင်းမောင်**

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက-ရေကြည်ကျောင်း Grade-12 တန်းမှ မောင်မင်းသစ်ခန့်၏ ဖခင်အမည်မှန်မှာ ဦးဆန်းနိုင်ထွန်း ၁၄/ရကန(နိုင်) ၀၉၃၆၆၉ ဖြစ်ပါကြောင်း။

**ဦးဆန်းနိုင်ထွန်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အထက (၂) ကျောင်း Grade-11 မှ မမိုးမြင့်ထက်၏ ဖခင်အမည်မှန်မှာ ဦးထက်မြတ်အောင် ၇/ညလပ(နိုင်)၀၉၂၅၈၃ ဖြစ်ပါကြောင်း။

**ဦးထက်မြတ်အောင်**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အထက(၂)ကျောင်း Grade- 11 မှ (ဘ)ဦးရမ်းစီဂါဒန်၏သမီး မပူနန်း၏ အမည်မှန်မှာ ပူနောမ်ကူမာရီ ၇/ညလပ(ပြု)၀၀၀၆၁၃ ဖြစ်ပါကြောင်း။

**ပူနောမ်ကူမာရီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၆/ပြည်တော်သာ)၊ ဦးပိုင်အမှတ် (၃၃၁-က + ၃၃၂)၊ မြေဧရိယာ (၀ ဒသမ၀၇၅) ဧကရှိ မြေကွက်အား ဒေါ်နန်းမွန်ခမ်း အမည်ဖြင့် သက်တမ်းတိုးဂရန် လျှောက်ထားလာမှုနှင့်ပတ်သက် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ အကွက်အမှတ်-၁၁(ခ)/ထားဝယ်စုမြောက်ကွင်း၊ မြေကွက်အမှတ်(၆၆)၊ မြေဧရိယာ (၀ ဒသမ ၀၅၄) ဧကအား မြေငှားဂရန်အမှတ်တွဲအမှတ်၊ ၁၅၂/၂၀၂၄-၂၀၂၅ အရ ဒေါ်ခင်မူမူပါ (၄)ဦး အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၀၃၆/၂၀၂၆)ဖြင့် ဒေါ်ချိုချိုအေး မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ချိုချိုအေး၊ ၆/မအရ(နိုင်)၀၈၈၂၅၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အာသာဝတီလမ်း၊ တိုက်အမှတ်-၂၅၊ (၃-လွှာ) ညာခြမ်းနေ (ဘ)(ဦးလှမြင့်) (ISN-၅၁၉၆၄၀)၊ (မိ) ဒေါ်ခင်သန်း(TGKN-၀၅၂၂၉၈)တို့၏ သားဖြစ်သူ မောင်စန်းဝင်းသည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်ဖြစ်သူ ဒေါ်ခင်သန်းအား စိတ်ဆင်းရဲမှု အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး၊ အခြားအရှုပ်အရှင်းတစ်စုံတစ်ရာမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်း(မိခင်)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်မြတ်မြတ်ဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၈၀၇၃/၂၀၂၂)**
**အမှတ်- ၁၄(မြေညီထပ်)၊ လွတ်လပ်ရေးလမ်းသွယ်(၁)၊ (ဂ)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၂၀၇၆၆၅၈၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဓဓ-၈၊ ဦးပိုင်အမှတ် ၇၁၊ ၆၁x၆၂ ကြား၊ ၁၃၀x၁၃၁ လမ်းကြားရှိ ဒေါ်ခင်သန်းဦး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်အေးအေးနွယ်(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးလင်းထက်အောင်)က တရားပြိုင် ဒေါ်ခင်သန်းဦးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော် တရားမကြီးမှုအမှတ် (၈၈/၂၀၂၂)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အေးအေးနွယ် ၅/ကလတ(နိုင်)၀၆၂၁၂၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၃၊ ဦးပိုင်အမှတ် ၈၁+၈၂၊ ၅၉x၆၀-A လမ်းကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရင်ဟွေကြူ (ခ)နှင်းယုဝေ ၁၃/ကခန(နိုင်)၀၇၄၇၁၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၃၊ ဦးပိုင်အမှတ် ၁၁၉+၁၂၀၊ ၅၉x၆၀ A ကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရင်ဟွေကြူ (ခ)နှင်းယုဝေ ၁၃/ကခန(နိုင်)၀၇၄၇၁၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

